မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကုသိုလ်ကောင်းမှု လျှင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျှင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါဠိပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ အင်္ဂါနေ့ အတွဲ (၆၂)၊ အမှတ် (၁၃၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန် နားလည် ခွင့်လွှတ်မှု၊ ယုံကြည်မှုတို့ကို အခြေခံလျက် စည်းလုံးညီညွတ်မှုတို့ကို တည်ဆောက်သွားကြရမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့
ပေးပို့သည့် သဝဏ်လွှာ
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား

ယနေ့ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် ကျရောက်သော (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားမိဘပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှမ်းပြည်နယ်သည် မိမိတို့နိုင်ငံ၏ အရှေ့ဘက်တောင်တန်းဒေသများဖြစ်ပြီး ဧရိယာစတုရန်းမိုင်ပေါင်း ခြောက်သောင်းကျော်ရှိကာ တစ်ဖက်နိုင်ငံများနှင့်လည်း ဆက်စပ်နေသဖြင့် နိုင်ငံအတွက်အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ရှမ်းမျိုးနွယ်စုများဖြစ်သော ရှမ်း၊ ပလောင်၊ ပအိုဝ်း၊ ဝ၊ ဓနု၊ ကိုးကန့်၊ လားဟူ၊ အာခါ၊ အင်းသား စသည့် ရှမ်းတိုင်းရင်းသားများနှင့်အတူ ကချင်၊ ကယား၊ လီဆူ စသည့် တိုင်းရင်းသားများစွာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ဖြင့် စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ စုပေါင်းနေထိုင်လျက်ရှိသော တောတောင်ရေမြေ သဘာဝအလှအပများနှင့် ပြည့်စုံသည့်ပြည်နယ်ဖြစ်ပါသည်။ ထို့ပြင် မြေပေါ်မြေအောက် သယံဇာတများဖြစ်သည့် သတ္တုရိုင်းတွင်းထွက်များ၊ ကျောက်မျက်ရတနာများ၊ ကျွန်းသစ်နှင့် သစ်တောထွက်ပစ္စည်းများ ထွက်ရှိရာ ရေခံမြေခံကောင်းများရှိပြီး အရှေ့ဘက်ခြမ်းပြည်ပနိုင်ငံများနှင့် ထိစပ်လျက်ရှိသောကြောင့် နိုင်ငံအတွက် အရေးပါပြီး နယ်စပ်ဒေသ ကုန်သွယ်ရေးများဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာကတည်းကပင် သမိုင်းအထောက်အထား အခိုင်အမာဖြင့် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြင်နန်း၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများ ထွန်းကားခဲ့ပြီး တိုင်းရင်းသား လူမျိုးစုအားလုံးတို့ ခေတ်အဆက်ဆက် အေးအတူပူအမျှ အခြေချနေထိုင်လာခဲ့ကာ ကမ္ဘာ့အလယ်တွင် ထင်ရှားစွာ ရပ်တည်လာခဲ့သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့ရာတွင် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်တိုင်တိုင် တိုက်ခိုက်သိမ်းယူခဲ့ခြင်းကြောင့် ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။

ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးသည် နယ်ချဲ့တို့၏ ကျူးကျော်သိမ်းပိုက်မှုကို

စာမျက်နှာ ၃ ကော်လံ ၁ ✪

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev တို့ ရှုကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံး ရှုကလီးယားနည်းပညာသတင်းအချက်အလက်စင်တာ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသော ရှုကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ အဆိုပါ စင်တာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖

ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်

မြန်မာနိုင်ငံသည် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းများနှင့် ကုန်းတွင်းပိုင်းတွင် ရေချိုမြစ်ချောင်း အင်းအိုင်များလည်း အများအပြားရှိသည့်အလျောက် ရေချိုရေငန် ငါးပုစွန်ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များ ပေါများကြွယ်ဝသလို ပြည်တွင်း ငါးစားသုံးမှုမှာလည်း မြင့်မားသည်။ အာဆီယံနိုင်ငံများအနက် ငါးစားသုံးမှု ဒုတိယအမြင့်မားဆုံး နိုင်ငံဖြစ်ပြီး ပြည်တွင်းစားသုံးမှုတွင် အသားထက် ငါးစားသုံးမှုက ပိုမိုများပြားကြောင်း စစ်တမ်းများတွင် တွေ့ရှိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့ငါးမွေးမြူထုတ်လုပ်သည့် နိုင်ငံများတွင် မြန်မာနိုင်ငံသည် အဆင့် (၈) နေရာတွင် ရပ်တည်လျက်ရှိကြောင်း၊ နှစ်အလိုက် ငါးထုတ်လုပ်မှုတွင် ၂၀၁၆-၂၀၁၇ ခုနှစ်က မက်ထရစ်တန်ချိန် ၃ သန်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်က မက်ထရစ်တန်ချိန် ၅ ဒသမ ၈၇ သန်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်က မက်ထရစ်တန်ချိန် ၃ ဒသမ ၈၄ သန်း ထုတ်လုပ်ခဲ့ကြောင်း သိရသည်။ ထို့အပြင် မြန်မာနိုင်ငံ ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းကို ငါးလုပ်ငန်းကဏ္ဍက အထောက်အကူပြု ဖြည့်ဆည်းပေးလျက်ရှိကြောင်းလည်း သိရသည်။ မြန်မာနိုင်ငံ၏ ပြည်ပသို့ ငါးတင်ပို့မှုမှာ ထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းခန့်သာရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ဝန်းကျင်ခန့်ဖြစ်ရာ ငါးလုပ်ငန်းကဏ္ဍတွင် အခွင့်အလမ်းများစွာနှင့်အတူ ကြိုးပမ်းဆောင်ရွက်ဖွယ်ရာ အများအပြားရှိနေကြောင်း ကျွမ်းကျင်သူများက ပြောကြားကြသည်။

၂၀၁၉ ခုနှစ်ကုန်ပိုင်းတွင် ကမ္ဘာသို့ စတင်ပြန့်ပွားလာသည့် ကိုဗစ်-၁۹ ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ စီးပွားရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးခဲ့ရာတွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ပြီး ပြည်တွင်းငါးဈေးကွက်နှင့် ငါးစားသုံးမှုများလည်း ထိခိုက်ခဲ့ရသည်။ ယခုအခါ ကိုဗစ်-၁۹ ရောဂါကူးစက်ပျံ့နှံ့မှု လျော့ကျလာသည်နှင့်အမျှ သားငါးထုတ်လုပ်မှုနှင့် စားသုံးမှု လိုအပ်ချက်များ ပြန်လည်မြင့်မားလာသော်လည်း ကမ္ဘာ့အခြေအနေအရပ်ရပ်အရ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာမှုက သားငါးကဏ္ဍထုတ်လုပ်မှုအပေါ်တွင် သက်ရောက်မှု များစွာရှိခဲ့သည်။ မြန်မာနိုင်ငံ၏ ရေချိုရေငန် ငါးပုစွန်ထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင်ရော၊ နည်းပညာအပိုင်းတွင်ပါ ပိုမိုရင်းနှီးမြှုပ်နှံမြှင့်တင်သွားရမည်ဖြစ်သကဲ့သို့ မိရိုးဖလာစားသုံးမှု ပုံစံများဖြစ်သည့် ငါးပုစွန်အစို၊ ငါးပိ၊ ငါးခြောက်၊ ငါးဆားနယ် စသည်တို့သာမက ငါးအသားလွှာ၊ ငါးအသားချောင်း၊ ငါးဆုပ်လုံး အစရှိသည့် အသင့်ချက် ငါးပုစွန်ကုန်ချောများကို ထုတ်လုပ်ပြီး ငါးလုပ်ငန်းကဏ္ဍကို မြင့်မားအောင် မြှင့်တင်သွားရန် နိုင်ငံတော်၏ ကူညီဖြည့်ဆည်းအားပေးမှုများနှင့် လုပ်ငန်းရှင်များ၊ တောင်သူများ၏ ကြိုးပမ်းအားထုတ်မှုများဖြင့် ပေါင်းစပ်လုပ်ကိုင်သွားဖို့လိုသည်။

ငါးပုစွန် မွေးမြူထုတ်လုပ်ရေးအတွက် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ငါးလုပ်ငန်းဆိုင်ရာ သိပ္ပံအဖြစ် ဖွင့်လှစ်ပေးခဲ့ပြီး ပညာသင်နှစ်နှင့် အကျိုးရလဒ်အပေါ်မူတည်၍ အဆင့်မြင့် ပညာများ ဆက်လက်သင်ယူဆည်းပူးနိုင်မည့် ကောလိပ်အဖြစ် မြှင့်တင်ပေးသွားမည်ဖြစ်ရာ နိုင်ငံ့စီးပွားရေးတွင် အရေးပါသည့် ငါးလုပ်ငန်းကဏ္ဍအတွက် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာတော့မည်ဖြစ်ပါကြောင်း။ ။

ရာဇဝတ်အထူးအယူခံမှု (၁) မှနှင့် တရားမအထူးအယူခံမှု (၇) မှတို့ကို စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု (၂) မှ ရုံးထိုင်ကြားနာ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်ကြီး၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၁/၂၀၂၂ (မန္တလေး)နှင့် တရားမအထူးအယူခံမှုအမှတ် ၉/၂၀၂၂ (မန္တလေး)၊ ၁၀/၂၀၂၂ (မန္တလေး)၊ ၁၁/၂၀၂၂ (မန္တလေး)၊ ၁၂/၂၀၂၂ (မန္တလေး)၊ ၁၃/၂၀၂၂ (မန္တလေး)၊ ၁၄/၂၀၂၂ (မန္တလေး) နှင့် ၁၅/၂၀၂၂ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁) မှနှင့် တရားမအထူးအယူခံမှု (၇) မှ တို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၂၂/၂၀၂၂ (ပဲခူး) နှင့် ၂၄/ ၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု (၂) မှတို့ကို ကိုဗစ်-၁۹ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော်၌ ကျင်းပမည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင်ရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒဂ္ဂီဏာသီရိမြို့နယ်ရှိမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုကို သွားရောက်လေ့လာကြည်ညိုကြရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် ကျောက်တုံးတော်များအား ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်း များဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃) တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက် တည်ဆောက်ခြင်း၊ ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် ဆင်းတုတော်အပိုင်း (၁)၊ (၂)၊ (၃) နှင့်(၄)တို့ အား ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းစဉ်နှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ဝိဋ္ဌကတ်သုံးပုံပါဠိတော် အဌကထာဋီကာ ကျမ်းစာများကို စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language ဖြင့် ရေးထိုးပူဇော်ထားသည့် ကျောက်စာရုံ စေတီများကို လေ့လာကြည့်ရှုကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် လေ့လာရေးအဖွဲ့များသည် Junction Center၊ ကျောက်မျက်ရတနာ ပြတိုက် **(ဝဲပုံ)**၊ လွှတ်တော်အဆောက်အအုံ၊ နေပြည်တော်ဗုဒ္ဓဂယာ၊ ဥပ္ပါတသန္တိစေတီတော်နှင့် နေပြည်တော် ရေပန်းဥယျာဉ်တို့ကို ဆက်လက် လေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့(၁)တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင် ၁၃၇ ဦးနှင့် အဖွဲ့(၂)တွင် မန္တလေး တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင် ၁၄၅ ဦး ပါဝင်ကြောင်းသိရပြီး လေ့လာရေး ခရီးစဉ် ဒုတိယနေ့အဖြစ် ဖေဖော်ဝါရီ ၇ ရက်တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်၊ တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်းနှင့် နေပြည်တော် မြို့မဈေးတို့သို့ သွားရောက် လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ ဂျိုင်းလော
ဓာတ်ပုံ – ကိုကိုထိန်၊ ကိုကိုအေး

ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် သလဲဘာကျေးရွာအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူပြီး အပြစ်မဲ့ပြည်သူ ရှစ်ဦး သေဆုံး၊ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံပိုင်အဆောက်အဦများအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❍ ရှေ့ဖုံးမှ

❍ လက်ရှိအခြေအနေတွင် ရှမ်းပြည်နယ်ဒေသအများစုမှာ ဆူပူအကြမ်းဖက်မှုနှင့် တိုက်ပွဲများ ကင်းဝေးပြီး အေးချမ်းသာယာမှုရှိနေသည်မှာ အားရဝမ်းသာစရာဖြစ်

❍ တည်ငြိမ်အေးချမ်းမှု လိုအပ်နေသေးသည့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသအချို့ပါ တည်ငြိမ်အေးချမ်းလာပါက ပြည်နယ်တစ်ခုလုံး သာယာအေးချမ်းပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်

❍ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတို့သည် လက်ရှိပကတိ လိုအပ်ချက်များဖြစ်သဖြင့် လက်နက်ကိုင်ပဋိပက္ခများ ထာဝရချုပ်ငြိမ်းရေးအတွက် အလေးထားကြိုးစားဆောင်ရွက်နေ

အစွမ်းကုန် တွန်းလှန်ခဲ့ကြသကဲ့သို့ကိုလိုနီ လက်အောက်ကျရောက်စဉ်ကာလတစ်လျှောက်လုံးတွင်လည်း လွတ်လပ်ရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ရရာလက်နက်ဆွဲကိုင် တွန်းလှန်ခဲ့ကြပါသည်။ ထိုသို့ နယ်ချဲ့တော်လှန်ရေးနှင့် လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင်လည်းကောင်း၊ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် တော်လှန်ရေးကာလတို့တွင်လည်းကောင်း တစ်နိုင်ငံလုံးရှိ နိုင်ငံရေး ခေါင်းဆောင်များ၊ အမျိုးသားရေးတက်ကြွလှုပ်ရှားသူများနှင့်အတူ ရှမ်းပြည်နယ်မှ စော်ဘွားများ၊ မျိုးချစ်ပုဂ္ဂိုလ်များ၊ လူထုခေါင်းဆောင်များနှင့် တိုင်းရင်းသားအားလုံးက ပါဝင်ခဲ့သည်မှာလည်း ပြည်နယ်၏ ကောင်းမြတ်သည့်အစဉ်အလာနှင့် ဂုဏ်ယူဖွယ်ရာ သမိုင်းများပင်ဖြစ်ပါသည်။

စစ်မှန်သောလွတ်လပ်ရေး လုံးဝမရရှိမချင်း တိုက်ပွဲပေါင်းစုံဆင်နွဲနေကြမည်ဟူသော သန္ဓိဋ္ဌာန်မှာ တိုင်းရင်းသားအားလုံး၏ ရင်တွင်းတွင် ကိန်းအောင်းနေသည့် အပြင်းအထန်အခိုင်အမာဆုံးသော သန္ဓိဋ္ဌာန်ကြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် ကြိုးပမ်းကြရာတွင် တိုင်းရင်းသားခေါင်းဆောင်များသည် တညီတညွတ် တလုံးတစည်းတည်း စုပေါင်း၍ အင်တိုက်အားတိုက်လုံးပန်းခဲ့ကြပါသည်။

မြန်မာပြည်မ၌ "ဖဆပလ" အဖွဲ့ချုပ်ကြီးဦးဆောင်၍ လွတ်လပ်ရေးတိုက်ပွဲအတွက် အပြင်းအထန် ရုန်းကန်ကြိုးပမ်းတိုက်ပွဲဝင်နေချိန်တွင် ရှမ်းပြည်နယ်ရှိ မျိုးချစ်လူကြီး၊ လူငယ်များကလည်း စုပေါင်း၍ နိုင်ငံလွတ်လပ်ရေးအတွက် မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ပါဝင်လှုပ်ရှားခဲ့ကြပါသည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် တိုင်းရင်းသားခေါင်းဆောင်များနှင့် လှည့်လည်တွေ့ဆုံဆွေးနွေးချိန်တွင် တောင်ကြီးမြို့သို့ ဝင်ရောက်၍ ရှမ်းပြည်နယ်မှ စော်ဘွားများ၊ ကိုယ်စားလှယ်များနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် လန်ဒန်သို့သွားရောက်ပြီး တောင်တန်းဒေသများ အပါအဝင် မြန်မာတစ်နိုင်ငံလုံးကို အတူတကွ လွတ်လပ်ရေးပေးရန် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးတောင်းဆိုခဲ့ပါသည်။

၁၉၄۷ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ရှမ်းပြည်စဝ်ဖများ ကောင်စီ အမှုဆောင်အဖွဲ့ဝင်စော်ဘွားများနှင့် ရှမ်းပြည်လူထု ကိုယ်စားလှယ်များ ပါဝင်သည့်ပဏာမဆွေးနွေးပွဲကို စတင်ကျင်းပခဲ့ပါသည်။ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရှမ်းနှင့် ကချင်ကိုယ်စားလှယ်များ ပူးပေါင်း၍ တွေ့ဆုံဆွေးနွေးပြီး ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်းကိုယ်စားလှယ်များ တွေ့ဆုံပြီး ဆပ်ကော်မတီဖွဲ့စည်းကာ ဆွေးနွေးဆုံးဖြတ်ချက်များကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

၁၉၄۷ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်း တိုင်းရင်းသားခေါင်းဆောင်များသည် ဗမာပြည်မနှင့်အတူ ပူးပေါင်း၍ လွတ်လပ်ရေးအရယူမည့် သဘောတူဆုံးဖြတ်ချက်များကို ရှမ်းပြည်နယ် ပင်လုံမြို့၌ ချမှတ်နိုင်ခဲ့ပါသည်။ ထိုသို့တောင်တန်း၊ ပြည်မ မခွဲခြားဘဲ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးကို အတူတကွရယူရန် ဆုံးဖြတ်နိုင်ခဲ့သည့် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်နေ့အဖြစ် ကျင်းပပြုလုပ်လာခဲ့သည်မှာ (၇၆) နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်နေ့သည် သမိုင်းဝင်ပြည်ထောင်စုနေ့၏ အခြေခံ၊ ပင်လုံစာချုပ်၏ ပဋ္ဌာဉ်များကိုချမှတ်နိုင်ခဲ့သည့် တိုင်းရင်းသားအားလုံး၊ မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သော နေ့ထူးနေ့မြတ်အခါသမယပင် ဖြစ်ပါသည်။

နယ်ချဲ့တို့သည် ၎င်းတို့၏ ရေရှည်အကျိုးစီးပွားအတွက် မြန်မာနိုင်ငံကို ပြည်မနှင့် တောင်တန်းဒေသများ ခွဲခြား၍ ဥပဒေဖြင့် ကန့်သတ်ပြီး သွေးခွဲအုပ်ချုပ်ခဲ့ပါသည်။ ထို့ကြောင့် မိမိတို့တိုင်းရင်းသားများအကြား လူမျိုးစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတို့ကြောင့် လွတ်လပ်ရေးရပြီး လပိုင်းအတွင်းမှာပင် လက်နက်ကိုင် သောင်းကျန်းမှုများဖြင့် တိုက်ပွဲများဖြစ်ကာ ယခုအချိန်ထိ တည်ငြိမ်အေးချမ်းမှုမရှိသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးဖြစ်သော်လည်း လွတ်လပ်ရေးအရသာကို မိမိတို့တိုင်းရင်းသားအားလုံး ပြည့်ပြည့်၀ဝ မခံစားနိုင်ကြဘဲ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမှာ အလှမ်းဝေးနေဆဲဖြစ်နေသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှ အရေးပါလျက်ရှိသလို နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် ကြီးမားသော မောင်းနှင်အားတစ်ရပ်လည်းဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားရမည်ဖြစ်ပါသည်။ ယနေ့အချိန်တွင် ငြိမ်းချမ်းရေးမရရှိသေးသည့် နယ်မြေဒေသများရှိ ဒေသခံပြည်သူများသည် နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်စေသည့် ဆူပူအကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်ပါသည်။ မိမိတို့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာ အတူတကွ နေထိုင်လိုခြင်းသည် တိုင်းရင်းသားပြည်သူအားလုံး၏ တူညီပြင်းပြသော ဆန္ဒပင်ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန်နားလည် ခွင့်လွှတ်မှု၊ ယုံကြည်မှုတို့ကို အခြေခံလျက် စည်းလုံးညီညွတ်မှုတို့ကို တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ တိုင်းပြည်အတွင်း ငြိမ်းချမ်းရေး တစ်ရက်စောပြီး တည်ဆောက်နိုင်လျှင် ပြည်သူများအတွက် တစ်ရက်စောပြီး အကျိုးရှိမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အစဉ်တစိုက် ကြိုးပမ်းမှုများကြောင့် ဆွေးနွေးပွဲများ ကျင်းပလာနိုင်သဖြင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အကျိုးကျေးဇူးများ တိုးတက်ရရှိနိုင်တော့မည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်တို့ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိပါသည်။ မြန်မာနိုင်ငံကြီးအား လွတ်လပ်မှု၊ လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

လက်ရှိအခြေအနေတွင် ရှမ်းပြည်နယ်ဒေသအများစုမှာ ဆူပူအကြမ်းဖက်မှုနှင့် တိုက်ပွဲများကင်းဝေးပြီး အေးချမ်းသာယာမှုရှိနေသည်မှာ အားရဝမ်းသာစရာဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှု လိုအပ်နေသေးသည့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသအချို့ပါ တည်ငြိမ်အေးချမ်းလာပါက ပြည်နယ်တစ်ခုလုံး သာယာအေးချမ်းပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတို့သည် လက်ရှိပကတိ လိုအပ်ချက်များဖြစ်သဖြင့် လက်နက်ကိုင်ပဋိပက္ခများ ထာဝရချုပ်ငြိမ်းရေးအတွက် အလေးထားကြိုးစားဆောင်ရွက်နေပါသည်။ နိုင်ငံတော်ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် ပါရှိသည့် **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"** ဆိုသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်ဘက်မှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထာဝရငြိမ်းချမ်းရေးကို မျှော်လင့်ချက်ကြီးစွာဖြင့် ယခုနှစ်ကုန်ထိ ငါးနှစ်တိုင် ရပ်စဲပေးထားပြီး ငြိမ်းချမ်းရေးအတွက် အဖြေမဟုတ်သော စစ်ပွဲ၊ တိုက်ပွဲများကို ရှောင်ရှားပြီး ငြိမ်းချမ်းရေးစားပွဲဝိုင်းပေါ်၌ အစဉ်တစိုက် အဖြေရှာနိုင်ရေး တံခါးဖွင့်ပေးထားခြင်းဖြစ်ပါသည်။ မိမိတို့၏ ဆန္ဒ၊ မိမိဒေသ၊ မိမိအဖွဲ့အစည်းအကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားဘက်ကသာ ရပ်တည်ပြီး စိတ်စေတနာကောင်းဖြင့် သဘောထားကြီးမှုကို ပြသကြရမည့် ငြိမ်းချမ်းရေးအတွက် အချိန်အခါကောင်းဖြစ်ကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်။

တိုင်းရင်းသားညီအစ်ကိုများအကြား ၁၉၄၇ ခုနှစ်က ပင်လုံတွင် တည်ဆောက်ခဲ့သော စည်းလုံးညီညွတ်မှုမျိုး၊ နားလည်ယုံကြည်မှုပုံစံမျိုးတို့ကို ပြန်လည်ရရှိအောင် တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။ လွန်ခဲ့သော (၇၆) နှစ်က ပင်လုံမြို့ကလေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သလို ယနေ့အချိန်အခါတွင်လည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အမြန်ဆုံးပြသနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးစားသွားကြရမည် ဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှ အခွင့်အရေးရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသော ဖက်ဒရယ်စနစ်ကို အခြေခံသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားပြည်သူအားလုံး ပင်လုံစိတ်ဓာတ်အရင်းခံကာ ချစ်ကြည်စည်းလုံးစွာဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အစိုးရစက်မှုလက်မှုသိပ္ပံ (လက်ပံတန်း) ၌ စတုတ္ထအကြိမ်မြောက် ဒီပလိုမာအပ်နှင်းပွဲကျင်းပ

လက်ပံတန်း ဖေဖော်ဝါရီ ၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာသက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံ၏ စတုတ္ထအကြိမ်မြောက် A. G. T. I ဒီပလိုမာ အပ်နှင်းသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက်က ကျင်းပရာ တွဲဖက်ပါမောက္ခနှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တွဲဖက်ပါမောက္ခနှင့် တာဝန်ရှိသူများက ဘွဲ့နှင်းသဘင်စင်မြင့်ရှိ သတ်မှတ်နေရာ၌ နေရာယူကြပြီး တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်သီချင်းဖြင့် နိုင်ငံတော်အလံကို အလေးပြုကြသည်။ ထို့နောက် တွဲဖက်ပါမောက္ခ အထူးပြု ဒေါ်သင်းသင်းဆွေက အလိုက်ဘွဲ့ရရှိသူများကို ဘွဲ့လက်မှတ်များအပ်နှင်းချီးမြှင့်သည်။

အစိုးရစက်မှုလက်မှုသိပ္ပံ(လက်ပံတန်း) စတုတ္ထကြိမ်အမြောက် A.G.T.I ဒီပလိုမာအပ်နှင်းသည့် အခမ်းအနားတွင် မြို့ပြအင်ဂျင်နီယာ ဒီပလိုမာအထူး တစ်ဦး၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဒီပလိုမာ အထူးအောင် တစ်ဦး၊ ရိုးရိုးအောင် ရှစ်ဦး၊ လျှပ်စစ်ဆက်သွယ်ရေး တစ်ဦး၊ ဒီပလိုမာအထူးအောင် တစ်ဦး၊ ရိုးရိုးအောင် နှစ်ဦး၊ စက်မှုအင်ဂျင်နီယာ ဒီပလိုမာ သုံးဦးနှင့် အဝေးရောက် စက်မှုအင်ဂျင်နီယာ ဒီပလိုမာ တစ်ဦး တို့ကို ဒီပလိုမာ အောင်လက်မှတ်များ အပ်နှင်းချီးမြှင့်ခြင်း ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ကမ္ဘည်းမော်ကွန်းကို အမွှေးနံ့သာ ပက်ဖျန်းပေးစဉ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ကမ္ဘည်းမော်ကွန်းကို အမွှေးနံ့သာ ပက်ဖျန်းပေးစဉ်။

❖ *ရှေ့ဖိုးမှ*

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev ဦးဆောင်သည့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်တို့သည် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဆိုင်းဘုတ်ကို *စာမျက်နှာ ၅ သို့*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာအတွင်း ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လေ့လာကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာအတွင်း ပြကွက်တစ်ခု ချင်းစီအလိုက် စိတ်ဝင်တစား လေ့လာကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဖွင့်ပွဲအထိမ်းအမှတ် အမှာစကားပြောကြားစဉ်။

စာမျက်နှာ ၄ မှ

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ကမ္ဘည်းမော်ကွန်းကို အမွေးနုံ့သာများ ပက်ဖျန်းပေးကြသည်။

စိတ်ဝင်တစားလေ့လာကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာအတွင်း လှည့်လည်ပြီး နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကဏ္ဍ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် အခြားသော ကဏ္ဍပေါင်းစုံတို့တွင် အကျိုးရှိစွာ အသုံးချနိုင်မည့် အသိပညာပေးထားမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလေ့လာကြည့်ရှုရာ ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်နှင့် ပြကွက်အလိုက်တာဝန်ခံများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်ပြီး နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာ ဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဂုဏ်ပြုသီချင်းဖြစ်သည့် "ဂုဏ်ယူစရာ သိပ္ပံနှင့် နည်းပညာ" MTV ကို တိုးတက်ရေးနှင့် ပြသသည်။

- **စင်တာတွင် ကျောင်းသား လူငယ်များသာမက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများပါ နျူကလီးယားစွမ်းအင်ဆိုင်ရာ ဗဟုသုတများကို ရရှိနိုင်မည်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးကဏ္ဍများအတွက် အထောက်အကူများစွာ ဖြစ်စေနိုင်မည်ဖြစ်၊**
- **ထို့အပြင် မိမိတို့မြန်မာနိုင်ငံတော်အတွင်းရှိ မိဘပြည်သူများအနေဖြင့်လည်း ခေတ်မီ နျူကလီးယားနည်းပညာများကို လေ့လာရန် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပြီး ပြည်သူလူထု၏ နျူကလီးယားစွမ်းအင်အပေါ် အပြုသဘောဆောင်သည့် သဘောထားအမြင်များရရှိလာမည်ဖြစ်၊**
- **နျူကလီးယားစွမ်းအင်နယ်ပယ်ကို ကဏ္ဍပေါင်းစုံတွင် ကျယ်ပြန့်စွာ ဆက်လက်ဆောင်ရွက်သွားကြရမည်**

အထူးပင်ကျေးဇူးတင်ရှိ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဖွင့်ပွဲအထိမ်းအမှတ် အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများနှင့် ကူညီထောက်ပံ့ပေးမှုများအတွက် ROSATOM အဖွဲ့အစည်းကို မြန်မာနိုင်ငံကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

လက်မှတ်ရေးထိုး

ယခုကဲ့သို့ မြန်မာနိုင်ငံတွင် နျူကလီးယား နည်းပညာဆိုင်ရာ အသိပညာများ ပြန့်ပွားနိုင်ရေးအတွက် အဓိကကျသည့် နျူကလီးယားနည်းပညာသတင်း အချက်အလက်စင်တာ ဖွင့်လှစ်နိုင်သည်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း (ROSATOM)တို့အကြား ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် နျူကလီးယားစွမ်းအင် အသုံးချရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုအပေါ် နားလည်မှုစာချွန်လွှာကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM" မှ CEO တို့က St. Petersburg မြို့၌ ၂၀၁၅ ခုနှစ် ဇွန် ၁၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့မှုမှ အစပြုခဲ့ခြင်း ဖြစ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ROSATOM တို့အကြား နျူကလီးယားစွမ်းအင် အသုံးချရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးဆိုင်ရာ လေ့ကျင့်ရေး၊ ကျွမ်းကျင်မှုအရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နျူကလီးယားစွမ်းအင်အပေါ် ပြည်သူလူထု၏ အပြုသဘောဆောင်သည့် သဘောထားအမြင်များ

စာမျက်မှာ ၆ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က ဖွင့်ပွဲအထိမ်းအမှတ်ပစ္စည်း ပေးအပ်စဉ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev ထံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က ဖွင့်ပွဲအထိမ်းအမှတ်ပစ္စည်း ပေးအပ်စဉ်။

စာမျက်နှာ ၅ မှ

ရရှိလာစေရေးအတွက် နားလည်မှု စာချုပ်လွှာ နှစ်စောင်ကို လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါကြောင်း။

အထောက်အကူများစွာဖြစ်စေနိုင်

ယခုနျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဖွင့်လှစ်ပြီးပါက ပြည်သူလူထုမှ နျူကလီးယားစွမ်းအင်နှင့် ပတ်သက်ပြီး နားလည်သဘောပေါက်လာစေရန်အတွက် နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာပြန့်ပွားရေး လုပ်ငန်းများကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း၊ စင်တာတွင် ကျောင်းသား လူငယ်များသာမက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများပါ နျူကလီးယားစွမ်းအင်ဆိုင်ရာ ဗဟုသုတများကို ရရှိနိုင်မည်ဖြစ်ပြီး **လူစွမ်းအားအရင်းအမြစ် မြှင့်တင်ရေးကဏ္ဍများအတွက် အထောက်အကူများစွာ ဖြစ်စေနိုင်**မည်ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့မြန်မာနိုင်ငံတော်အတွင်းရှိ မိဘပြည်သူများအနေဖြင့်လည်း ခေတ်မီ နျူကလီးယားနည်းပညာများကို လေ့လာရန် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပြီး ပြည်သူလူထု၏ နျူကလီးယားစွမ်းအင်အပေါ် အပြုသဘောဆောင်သည့် သဘောထားအမြင်များ ရရှိလာမည်ဖြစ်ပါကြောင်း၊ နျူကလီးယားစွမ်းအင်နယ်ပယ်ကို ကဏ္ဍပေါင်းစုံတွင် ကျယ်ပြန့်စွာ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ပြီးခဲ့သည့်လတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ National Research Nuclear University MEPHI တက္ကသိုလ်မှ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် အဓိကနည်းပညာ တက္ကသိုလ်များကို လာရောက်လေ့လာပြီး MEPHI တက္ကသိုလ်၌ သင်ကြားနိုင်သည့် ဘာသာရပ်များ၊ ပညာသင်လျှောက်ထားနိုင်မှုများ၊ ချိတ်ဆက်ဆောင်ရွက်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများကို တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြင့် နျူကလီးယားစွမ်းအင် အသုံးချရေးနယ်ပယ်တွင် လူစွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရာတွင် တစ်တပ်တစ်အား ဖြစ်စေပါကြောင်း။

အစိုးရအချင်းချင်းပူးပေါင်းဆောင်ရွက်

ထို့ပြင် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ဗလာဒီဗော့စတောဖြို့တွင် ကျင်းပခဲ့သည့် သတ္တမ အကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (7th Eastern Economic Forum–EEF) ကာလအတွင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှေ့မှောက်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ နားလည်မှု စာချုပ်လွှာကို လက်မှတ်ရေးထိုးစဉ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် "ROSATOM" တို့အကြား ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တွင် နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းစွာအသုံးပြုမှု ပူးပေါင်းဆောင်ရွက်ရေး လမ်းပြမြေပုံကိုလည်း လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ယနေ့တွင်လည်း နျူကလီးယား နည်းပညာ အသုံးချနယ်ပယ် ၁၄ ခုတွင် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် တစ်ခုကိုလည်း လက်မှတ်ရေးထိုးတော့မည် ဖြစ်ပါကြောင်း။

အကောင်အထည်ဖော်ဆောင်ရွက်

နျူကလီးယားနှင့် ဓာတ်ရောင်ခြည်နည်းပညာများကို ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများတွင် အသုံးချနိုင်သည့်အတွက် နိုင်ငံ၏ နျူကလီးယား အခြေခံအဆောက်အုံ တည်ထောင်နိုင်ရေးနှင့် ပတ်သက်၍ နှစ်ဖက်ကျွမ်းကျင်သူများ တွေ့ဆုံ ညှိနှိုင်းဆွေးနွေးကာ လိုအပ်သည့် နျူကလီးယား ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများကို ဆန်းစစ်လေ့လာပြီး အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ(IAEA)၏ မှတ်တိုင်ပါ အချက် ၁၉ ချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ထို့အတွက်လည်း အမျိုးသားအဆင့် နျူကလီးယား အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက အဆင့်မြင့်အရာရှိကြီးများနှင့် ဆွေးနွေးညှိနှိုင်းမှုများကို မကြာသေးမီက ပြုလုပ်ခဲ့ကြပါကြောင်း။

လူစွမ်းအားအရင်းအမြစ်များကို မြှင့်တင်နိုင်

မြန်မာ့နျူကလီးယားအစီအစဉ်ကို ပံ့ပိုးပေးသည့် ROSATOM အဖွဲ့အစည်းသည် ရုရှားဖက်ဒရေးရှင်းနှင့် ပြည်ပနိုင်ငံများတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရာ၌ လုံလောက်သည့် အတွေ့အကြုံကောင်းများ၊ ကျွမ်းကျင်မှုများရှိသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် ROSATOM ၏အကူအညီဖြင့် ယခုစင်တာထူထောင်နိုင်သည်ကို မိမိအနေဖြင့် များစွာနှစ်ထောင်းအားရ ဖြစ်မိပါကြောင်း၊ ထို့ပြင် ROSATOM ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံတွင် Small Modular Reactor (SMR) တည်ဆောက်လည်ပတ်ရေးနှင့် ပတ်သက်သည့် လူစွမ်းအားအရင်းအမြစ်များကို မြှင့်တင်နိုင်မည်ဖြစ်သည့်အပြင် သက်ဆိုင်ရာကဏ္ဍအလိုက် *စာမျက်နှာ ၇ သို့*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

စာမျက်နှာ ၆ မှ

✻ နျူကလီးယားနည်းပညာ အသုံးပြုခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ၊ စက်မှုလုပ်ငန်းနှင့် စီးပွားရေးတို့တွင် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး သဘာဝသိပ္ပံ၊ ပညာရေးနှင့်နည်းပညာ သင်ကြားရေးတို့ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အားကောင်းသည့် တွန်းအားတစ်ခုဖြစ်လာမည်

အရည်အသွေးပြည့်ဝသော ကျွမ်းကျင်ပညာရှင်များ မွေးထုတ်နိုင်ပြီး နျူကလီးယားစွမ်းအင်ကို လုံခြုံစိတ်ချစွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်မည် ဖြစ်ပါကြောင်း။

ROSATOM နှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မိမိတို့မြန်မာနိုင်ငံ၏စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အတွက် ROSATOM က တာဝန်ရှိသူများကို မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်အနာဂတ်တွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ရည်မှန်းထားပါကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်က ပြောကြားရာတွင် (၇၅) နှစ် ပြည့်မြောက်လာခဲ့ပြီဖြစ်သည့် ရုရှား- မြန်မာ ဆက်ဆံရေးသမိုင်းကြောင်း၌ ယနေ့သည် အခန်းကဏ္ဍအသစ်တစ်ခုကို စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ ယခု စင်တာတွင် ရုရှားဖက်ဒရေးနိုင်ငံ၏ နျူကလီးယားနည်းပညာ နယ်ပယ်တွင် အောင်မြင်မှုများကိုသာမက သိပ္ပံပညာ၊ ပညာရေးနှင့် ယဉ်ကျေးမှုတို့ကိုလည်း လေ့လာတွေ့ရှိနိုင်မည်ဖြစ်ပြီး နျူကလီးယားဓာတ်အားပေး စက်ရုံတည်ဆောက်မှု၊ စက်ရုံတည်ဆောက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့် ဒေသခံနယ်မြေ၏ လူနေမှုပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်စေနိုင်မှုတို့ကို နားလည်စေနိုင်မည်ဖြစ်ပါကြောင်း။

တွန်းအားတစ်ခုဖြစ်လာမည်

ယခုစင်တာမှ ရရှိမည့် အသိပညာများသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုမှုနှင့် ပတ်သက်သည့် နည်းပညာများကို ရရှိစေရန် အထောက်အကူဖြစ်စေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ယင်းအသိပညာများကို အခြေခံပြီး မြန်မာနိုင်ငံတွင် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်မှုများတွင် ကောင်းမွန်ပြီး အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်လာမည်ဖြစ်ကြောင်း၊ နျူကလီးယားနည်းပညာ အသုံးပြုခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ၊ စက်မှုလုပ်ငန်းနှင့် စီးပွားရေးတို့တွင် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး သဘာဝသိပ္ပံ၊ ပညာရေးနှင့် နည်းပညာ သင်ကြားရေးတို့ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အားကောင်းသည့် တွန်းအားတစ်ခုဖြစ်လာမည်ဖြစ်ကြောင်းကို ရည်ညွှန်းလိုပါကြောင်း။

ရုရှား-မြန်မာ နျူကလီးယား ဆက်ဆံမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးခဲ့သည့် အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ နျူကလီးယားဓာတ်အားပေး စက်ရုံတည်ဆောက်ရေးကိစ္စရပ်များတွင် အရည်အချင်းပြည့်မီသည့် ကျွမ်းကျင်ပညာရှင်များ လိုအပ်မည်ဖြစ်ပြီး ပညာရှင်လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း မိမိတို့အနေဖြင့် သဘောတူညီမှု ရရှိထားပြီးဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နျူကလီးယားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရလဒ်နှင့် အရည်အသွေးကို စိတ်ကျေနပ်မှုရရှိစေရေး အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

မြန်မာစာတန်းထိုးဖြင့်ပြသ

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations မှ ပေးပို့သည့် Small Modular Reactor ဗီဒီယိုဖိုင်ကို မြန်မာစာတန်းထိုးဖြင့်ပြသပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ပြသသည်။

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖွင့်ပွဲအထိမ်းအမှတ်ပစ္စည်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်တို့ထံသို့ ပေးအပ်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations တို့အကြား ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ဆိုင်ရာ သဘောတူညီမှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ဆက်လက်ဆောင်ရွက်ကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှေ့မှောက်တွင် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယခုဖွင့်လှစ်ခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာကို တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။ ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း ROSATOM State Corporations တို့အကြား ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ဆိုင်ရာ သဘောတူညီမှု စာချွန်လွှာ နှစ်စောင်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ယခုဖွင့်လှစ်သည့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာကို ကနဦးအနေဖြင့် အကောင်အထည်ဖော်တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာတည်ဆောက်ခြင်းအားဖြင့် နျူကလီးယား စွမ်း အင်ကို ငြိမ်းချမ်းစွာ အသုံးပြု၍ ပညာရေး၊ ကျန်းမာရေး၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်ဆိုင်ရာနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍပေါင်းစုံတွင် ကောင်းမွန်စွာ အသုံးချနိုင်သည့် အသိအမြင်များကို ပြည်သူများ၊ ကျောင်းသား ကျောင်းသူလူငယ် မောင်မယ်များအနေဖြင့် လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာဖြန့်ဝေသည့် ဟောပြောပွဲနှင့် သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) တို့ ပူးပေါင်းကျင်းပသည့် နျူကလီးယား နည်းပညာဆိုင်ရာ အသိပညာဖြန့်ဝေသည့် ဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ပထမထပ် စုဝေးခန်းမ (၂) ၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် တာဝန်ရှိသူများ၊ ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း (ROSATOM) မှ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev နှင့် တာဝန်ရှိသူများ၊ နည်းပညာ တက္ကသိုလ်များ၊ ကွန်ပျူတာ တက္ကသိုလ်များနှင့် ဆေးတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ပြီး ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း(ROSATOM) မှ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev က နျူကလီးယားနည်းပညာအကြောင်း သိကောင်းစရာများအား ရှင်းလင်းပြောကြားဆွေးနွေးသည်။**(အပေါ်ပုံ)**

ယင်းနောက် ဟောပြောပွဲ အခမ်းအနားကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း ၏ ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဖွင့်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို အဆိုပါစင်တာ ပထမထပ် စုဝေးခန်းမ (၁) ၌ ဆက်လက်ကျင်းပရာ ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း (ROSATOM) ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev က သတင်းထောက်များ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပူတာအိုဌ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

ပူတာအို ဖေဖော်ဝါရီ ၆

ကချင်ပြည်နယ် ပူတာအိုမြို့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းမှုဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးကျော်သူက လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသော ပုံစံများ၊ လူကုန်ကူးခံရပါက ဆက်သွယ်ဆောင်ရွက်ရမည့်အကြောင်းအရာများ၊ လူကုန်ကူးမှုမြောက်စေသော ပြစ်မှုအင်္ဂါ (၃)ရပ်နှင့် လူကုန်ကူးမှုတားဆီးနှိမ်နှင်းရေးဥပဒေ အခန်း(၁၀)ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်းကို ပရိုဂျက်တာဖြင့် အသိပညာပေးဟောပြောပြီး ပူတာအိုမြို့ အမှတ် (၉၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ပူတာအို)မှ ဒုတိယရဲအုပ် ချမ်းမြေ့အောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းခြင်းကြောင့်ရရှိလာမည့်ဆိုးကျိုးများ၊ ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့် အချက်များ အသိပညာပေးဆွေးနွေးပြောကြားသည်။

အဆိုပါဟောပြောပွဲသို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသိန်းလှမောင်၊ သင်တန်းကျောင်းနည်းပြ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်းအင်အား ၁၆၂ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev အား လက်ခံတွေ့ဆုံစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၆ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev ဦးဆောင်သည့် အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဧရာဝတီရိုဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တာဝန်ရှိသူများ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev ဦးဆောင်သည့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev အား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

❖ **နျူကလီးယားစွမ်းအင်ကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဲ့သို့သော လုပ်ငန်းအပါအဝင် ကျန်းမာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များတွင် အကျိုးရှိစွာ အသုံးပြု ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် နျူကလီးယားစွမ်းအင် နည်းပညာကို ငြိမ်းချမ်းစွာ အသုံးပြုရေးအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေး အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် နျူကလီးယားစွမ်းအင်ကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဲ့သို့သော လုပ်ငန်းအပါအဝင် ကျန်းမာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များတွင် အကျိုးရှိစွာ အသုံးပြုဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် နျူကလီးယား စွမ်းအင် နည်းပညာကို ငြိမ်းချမ်းစွာ အသုံးပြုရေးအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေး အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

ပန်းတနော်မြို့နယ်ရှိ Global Earth Agro & Aqua Industry Public Co., Ltd လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

ငါးများကိုစနစ်တကျမွေးမြူခြင်းသည် နိုင်ငံ၏စားရေရိုက္ခာဖူလုံရေးအတွက် အကျိုးရှိသည့်လုပ်ဆောင်ချက်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင်စနစ်ကျနသည့် ငါးမွေးမြူရေးစနစ်ဖော်ဆောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငါးမွေးမြူရေးဆောင်ရွက်မှုနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ Global Earth Agro & Aqua Industry Public Co., Ltd ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်၊ Global Earth Agro & Aqua Industry Public Co., Ltd ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုမ္ပဏီရှင်းလင်းဆောင်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား Global Earth Agro & Aqua Industry Public Co., Ltd ဥက္ကဋ္ဌ ဦးဌေးမြင့်က လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ခေတ်မီနည်းစနစ်များဖြင့် ငါးမွေးမြူရေးအခြေခံစက်မှုစီးပွားရေးလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတော်မှ ချမှတ်ပေးထားသည့် စီးပွားရေး ဦးတည်ချက်များနှင့်အညီ ရည်မှန်းချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံစက်မှုစီးပွားရေး လုပ်ငန်းတွင် ပါဝင်သည့် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငါးသားဖောက်ခြင်း Smart Hatchery & Nursery ကို အဆင့်လိုက် ဆောင်ရွက်လျက်ရှိမှု၊ ငါးသားပေါက်များအား ပြုစုမွေးမြူခြင်း Smart Grow Out Farm စမ်းသပ်ဆောင်ရွက်လျက်ရှိမှုနှင့် စမ်းသပ်ဆောင်ရွက်ခြင်း၏ ရလဒ်များ၊ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့မှု မှတ်တမ်းများ၊ နိုင်ငံတကာ စံညွှန်းများနှင့်အညီ ငါးအစာ Feed Factory တည်ဆောက်မှု လုပ်ငန်းစဉ်များ၊ Seafood Processing & Cold Storage Plant ဆောင်ရွက်လျက်ရှိမှု၊ စက်ပစ္စည်း ကိရိယာများ စတင်တပ်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ဝန်ထမ်းအိမ်ရာများနှင့် ရုံးခန်းများ၊ လမ်းတံတားများ ထည့်သွင်းဆောင်ရွက်ထားရှိမှု၊ စပါးခွံသုံး Biomass Power Plant ထည့်သွင်းတည်ဆောက်ထားရှိသဖြင့် ကိုယ်ပိုင်လျှပ်စစ်စွမ်းအား ထုတ်လုပ်နိုင်သည့်အပြင် မြေသြဇာနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးဆေးများ ထုတ်လုပ်နိုင်မှု၊ ငါးထုတ်ကုန်များကို အလေအလွင့်လုံးဝမရှိသည်အထိ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှုနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်တက်လာစေရေး ပြုစုပျိုးထောင်ပေးလျက်ရှိမှု၊ စီမံကိန်းတစ်ခုလုံး ပြီးစီးပါကရရှိလာနိုင်မည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကာလကို တိုးမြှင့်ပေးစေလိုမှုနှင့် နိုင်ငံတော်မှလည်း လိုအပ်သည်များကို အားပေးကူညီ ဆောင်ရွက်ပေးစေလိုမှုတို့ကို ရှင်းလင်းတင်ပြသည်။

အဓိကထားဆောင်ရွက်

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငါးမွေးမြူရေးဆောင်ရွက်မှု၊ ထွက်ရှိမှု၊ ဈေးကွက်ရရှိမှု၊ ဝန်ထမ်းများ အလုပ်

စာမျက်နှာ ၁၀ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုံကော်ပင် အမှတ်တရစိုက်ပျိုးပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မျိုးရင်းငါးသားပေါက်များ ပြသထားမှုကို ကြည့်ရှုစဉ်။

စာမျက်နှာ ၉ မှ

လုပ်ကိုင်မှုနှင့် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မှုတို့နှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး အကြံပြု ဆွေးနွေးပြောကြားရာတွင် မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေး မြှင့်တင်ရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အဓိက အသားထွက်ရှိသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး ဟူ၍ ရှိမည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာ မွေးမြူရေးနည်းလမ်းများထက် စနစ်ကျနပြီးကောင်းမွန်သည့် ခေတ်မီမွေးမြူရေးနည်းလမ်းများကို ဆောင်ရွက်ရန် လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင် ခြံစနစ်၊ လှောင်အိမ်စနစ်ဖြင့် မွေးခြင်း၊ လှန်၍ မွေးခြင်း၊ လွတ်ကျောင်း၍မွေးခြင်း ဟူ၍ရှိပြီး လှောင်၍ မွေးမြူခြင်းသည် စနစ်အကျဆုံးနှင့် အကောင်းဆုံးဖြစ်ကြောင်း။

စားရေရိက္ခာဖူလုံရေး

မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ဒုတိယ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Smart Hatchery & Nursery ငါးသားဖောက်စခန်း၌ ငါးသားပေါက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစဉ်။

ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာ အဆင့်မြင့် ပညာရပ်များကိုလည်း တက္ကသိုလ်၊ ကောလိပ်များတွင် သင်ကြားပေးလျက်ရှိကြောင်း၊ လာမည့်ပညာရေးနှစ်တွင်လည်း နိုင်ငံတစ်ဝန်း ခရိုင် ၅၀ ရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း၊ နောက်တစ်ဆင့်အနေဖြင့် တစ်နိုင်ငံလုံး ဖွင့်လှစ်နိုင်အောင် ဆက်လက်ဆောင်ရွက်ပြီး စိုက်ပျိုး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် လုပ်ငန်းကျွမ်းကျင်သူများ ပေါ်ပေါက်လာအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ *စာမျက်နှာ ၁၁ သို့*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စျေးကွက်သို့ရောင်းချမည့်ငါးထုတ်ကုန်များဆောင်ရွက်မှုကို ကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငါးအဆင့်မြင့်ထုတ်ကုန်များ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစဉ်။

အချက်ဖြစ်သည့် စားရေရိက္ခာဖူလုံရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိ လူတန်းစားအားလုံး ဝယ်ယူစားသောက်နိုင်သည့် အသား၊ ငါးများ စျေးနှုန်းသက်သက်သာသာနှင့် လုံလုံလောက်လောက် ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ငါးများကို စနစ်တကျ မွေးမြူခြင်းသည် နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးအတွက်အကျိုးရှိသည့်လုပ်ဆောင်ချက်တစ်ခုပင်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် စနစ်ကျနသည့် ငါးမွေးမြူရေးစနစ်ကို ဖော်ဆောင်ရန်လိုကြောင်း၊ သို့မှသာလျှင် လူတန်းစားအားလုံး ငါးများကို စျေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်မည် ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငါးဖမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစဉ်။

စာမျက်နှာ ၁၀ မှ

တစ်နိုင်ငံလုံး KG+9 အထိ အခမဲ့ပညာ သင်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတစ်ဝန်း ပညာတတ်များ ပေါ်ကြွယ်ဝမှသာလျှင် လူသားအရင်းအမြစ်ကောင်းများ တိုးပွားလာမည်ဖြစ်ကြောင်း၊ အတန်းပညာများ တတ်မြောက်စေရေး ပညာရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကူညီပေးသွားမည်

ယခုစီမံကိန်းတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးထားနိုင်သည်ကို တွေ့ရှိရသည့်အတွက်လည်း ဝမ်းမြောက်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင်လည်း ယခုကဲ့သို့သော စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း၊ လိုအပ်သည့် အကူအညီများကို နိုင်ငံတော်မှ လုပ်ထိုးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်း မွေးမြူနိုင်ရေးအတွက်လည်း သုတေသနပြု ဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ပါက တိုင်းပြည်အတွက် ပြည်ပဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ပို့ကုန်များကိုတင်ပို့ရာတွင် ကုန်ကြမ်းပစ္စည်းများကို တင်ပို့ခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ တင်ပို့နိုင်ပါက ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်မည် ဖြစ်ကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် အရင်းအနှီး၊ လူသားအရင်းအမြစ်နှင့် နည်းပညာများ လိုအပ်ကြောင်း၊ အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်၍ ရှိပြီးဖြစ်သည့် အခြေခံအရင်းအမြစ်များကို အသုံးချဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံသည် များစွာဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်စေရေးအတွက်လည်း ဆုမွန်ကောင်းတောင်းပါကြောင်းနှင့် နိုင်ငံတော်မှလည်း တတ်နိုင်သည့်ဘက်မှ ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Biomass Power Plant စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစဉ်။

> **“နိုင်ငံ့စီးပွားမြှင့်တင်ရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရမည်၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဓိကအသားထွက်ရှိသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး ဟူ၍ ရှိမည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာ မွေးမြူရေးနည်းလမ်းများထက် စနစ်ကျနေပြီး ကောင်းမွန်သည့် ခေတ်မီမွေးမြူရေးနည်းလမ်းများကို ဆောင်ရွက်ရန်လို၊ မွေးမြူရေးလုပ်ငန်းတွင် ခြံစနစ်၊ လှောင်အိမ်စနစ် ဖြင့် မွေးခြင်း၊ လှန်၍ မွေးခြင်း၊ လွှတ်ကျောင်း၍မွေးခြင်းဟူ၍ရှိပြီး လှောင်၍ မွေးမြူခြင်းသည် စနစ်အကျဆုံးနှင့် အကောင်းဆုံးဖြစ်”**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဇည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုံကော်ပင်ကို အမှတ်တရစိုက်ပျိုးပေးပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ် (လေ) တို့က အမှတ်တရသစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့မျိုးရင်း ငါးသားပေါက်များ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

လုပ်ငန်းစဉ်အလိုက်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Smart Hatchery & Nursery ငါးသားဖောက်စခန်းသို့ ရောက်ရှိပြီး လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။ အဆိုပါ ငါးမျိုးဥများသည် ၂၄ နာရီအတွင်း ငါးသားပေါက်များအဖြစ်သို့ ရောက်ရှိမည်ဖြစ်ကာ သက်တမ်းအလိုက် လှောင်ကန်အဆင့်ဆင့်သို့ လုပ်ငန်းစဉ်အလိုက် ဆက်လက်မွေးမြူသွားမည်ဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Biomass Power Plant စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုနှင့် လျှပ်စစ်ဓာတ်အားကို အဆင့်မီလျင်မြန်စွာ နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်ထုတ်လုပ်နိုင်မှု၊ ငါးအစာတောင့် စက်ရုံ တည်ဆောက်နေမှု၊ Circular Tank များဖြင့် အဆင့်မြင့် ငါးအသားတိုးမွေးမြူထားရှိမှု၊ မြေသားကန်ဖြင့် အဆင့်မီ ငါးအသားတိုးမွေးမြူထားရှိမှု၊ ခေတ်မီနည်းပညာအသုံးပြု၍ အစာကျွေးမွေးမှုနှင့် ဆိုလာစနစ်သုံး၍ ရေတင်ဆောင်ရွက်နေမှု၊ ငါးဖမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရေထွက်ကုန်လုပ်ငန်းဌာန၊ နိုင်ငံတကာစျေးကွက်ရောင်းချလျက်ရှိသည့် ငါးအဆင့်မြင့်ထုတ်ကုန်များ ခင်းကျင်းပြသထားရှိမှုနှင့် အအေးခန်းစက်ရုံ တည်ဆောက်နေမှုတို့ကို စိတ်ဝင်တစားဖြင့် ကဏ္ဍတစ်ခုချင်းစီအလိုက် လေ့လာကြည့်ရှုခဲ့ရာ Global Earth Agro & Aqua Industry Public Co., Ltd ဥက္ကဋ္ဌနှင့် လုပ်ငန်းအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့သည်။

အလုပ်အကိုင်များဖော်ဆောင်ပေးနိုင်

အဆိုပါ Global Earth Agro & Aqua Industry Public Co., Ltd သည် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မိုးကုတ်ဒီးဒုတ်ကွင်းအတွင်း၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သိပ္ပံနည်းကျ အဆင့်မြင့်ခေတ်မီငါးသားဖောက်ခြင်းနှင့် မြန်မာနိုင်ငံတွင် အကြီးမားဆုံး ငါးမွေးမြူခြင်း၊ ကုန်ချောပြုပြင်ထုတ်လုပ်ခြင်း၊ ငါးပေါင်းမှုန့်နှင့် အစာတောင့်ထုတ်လုပ်ခြင်းတို့ ပါဝင်သည့် စီမံကိန်းကြီးတစ်ခုဖြစ်ပြီး ယခုအခါ သိပ္ပံနည်းကျဖြင့် ငါးတန် အထီး၊ အမ (Breeders) တစ်သိန်းနှစ်သောင်းကို ပြုစုထားရှိကာ နေ့စဉ် ငါးသားပေါက် (ငါးမှန်)ကောင်ရေ သိန်း ၄၀ ကို ထုတ်လုပ်လျက်ရှိသည်။ လက်ရှိအချိန်တွင် ငါးသန့်/ငါးဖြန်းကောင်ရေ သိန်း ၂၅၀ ခန့်နှင့် အသားတိုးငါးကောင်ရေ သိန်း ၂၅၀ ခန့်အား မွေးမြူထားရှိပြီး စီမံကိန်းတစ်ခုလုံး ပြီးစီးပါက မြန်မာ့ရေလုပ်ငန်းစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသအတွင်းရှိ တစ်ဦးချင်းစီ၏ ဝင်ငွေများလည်း တိုးတက်လာနိုင်မည်ဖြစ်၍ ပြည်ပမှ ရေထွက်ပစ္စည်း အစားအသောက် တင်သွင်းခြင်းမှ ကုန်ကျလျက်ရှိသည့် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း သက်သာစေနိုင်မည်ဖြစ်မည်ဖြစ်ကာ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် နိုင်ငံ့စီးပွားရေးကဏ္ဍသည်လည်း ပြောင်းလဲတိုးတက်လာမည်ဖြစ်သည်။ အဆိုပါ သိပ္ပံနည်းကျ အဆင့်မြင့် ခေတ်မီငါးမွေးမြူထုတ်လုပ်ခြင်း စီမံကိန်းကြီးသည် ငါးသားပေါက်မွေးမြူသည်မှ ငါးအဆင့်မြင့်ကုန်ချောများ ရရှိသည်အထိပါဝင်သည့် စီမံကိန်းကြီးတစ်ခုဖြစ်သဖြင့် လူဦးရေအမြောက်အများကို အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည် ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအကျိုးဖြစ်ပေါ်စေနိုင်သည့် စီမံကိန်းကြီးတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

Smart Hatchery & Nursery ငါးသားဖောက်စခန်း။

Smart Growout (Tank Farm Culture) အဆင့်မြင့်ငါးအသားတိုးမွေးမြူထားရှိမှု။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း လှူဒါန်းပူဇော်နိုင်ရေး စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်း သာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒဂ္ဂီဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုများကို လက်ခံဆောင်ရွက်စဉ်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့ပြီး (၇) ရက် သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ ၃ ကီလိုဂရမ် အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဇာတာတော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန် ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် (၇) ရက် သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ၊ အလှူငွေကျပ် ၇၀၁၂၂၀၀၀ နှင့် မန္တလေးတိုင်းဒေသကြီး၌ ရွှေထည် ၂၂ ကျပ်သား ၁၁ပဲ ၇ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၃၇ ကျပ်သား ၆ ပဲ ၂ ရွေး၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ၊ အလှူငွေ ကျပ် ၁၈၀၀၁၇၀၀၀ တို့ကို လာရောက် လှူဒါန်းခဲ့ကြောင်း (ဝဲပုံ)၊ ထို့ပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ရွှေထည် ၆၉ ကျပ်သား ၉ ပဲ ၁ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၃၃ ကျပ်သား ၃ ရွေး၊ စိန်၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ဓာတ်တော်မွေတော်များ၊ ငွေထည်ပစ္စည်းများ၊ ဒင်္ဂါးပြားများ၊ အလှူငွေကျပ် ၉ဖိ၁၃၁၄၀ တို့ကို ဌာပနာသွင်းလှူ ပူဇော်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လာရောက် လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(၇) ရက် သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်လိုပါက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။ **သတင်းစဉ်**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်း ပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓ သာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်း သာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒဂ္ဂီဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန် ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် (၇) ရက် သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါ ဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

(က)	ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း	၀၉-၂၀၁၄၄၇၀	
(ခ)	ဒုတိယဗိုလ်မှူးကြီး အောင်ကို	၀၉-၂၅၉၀၉၉၈၉၉	
(ဂ)	ဗိုလ်မှူးချုပ် ကျော်စိုးဦး	၀၉-၃၉၁၀၀၅၄၇	နေပြည်တော်
(ဃ)	ဗိုလ်မှူးချုပ် မြတ်သူစိုး	၀၉-၃၉၁၀၀၉၃၂	မြစ်ကြီးနား
(င)	ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း	၀၉-၃၉၁၀၃၉၇၅	လားရှိုး
(စ)	ဗိုလ်မှူးချုပ် ဝင်းဇော်မိုး	၀၉-၃၉၁၀၃၂၆ဖ	တောင်ကြီး
(ဆ)	ဗိုလ်မှူးချုပ် သန်းထွန်းအောင်	၀၉-၃၉၁၀၃၄၈၂	ခိုလမ်
(ဇ)	ဗိုလ်မှူးချုပ် ကျော်ထက်	၀၉-၃၉၁၀၄၀၉၅	ကျိုင်းတုံ
(စျ)	ဗိုလ်မှူးချုပ် ကျော်သူရအေး	၀၉-၃၉၁၀၁၅၄၁	မော်လမြိုင်
(ဉ)	ဗိုလ်မှူးချုပ် သစ်လွင်ထူး	၀၉-၃၉၁၀၀၇၈၇	မြိတ်
(ဋ)	ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်	၀၉-၃၉၁၀၃၂၈၃	ရန်ကုန်
(ဌ)	ဦးမင်းမင်းထွန်း	၀၉-၄၂၂၅၁၁၈၈၈	ရန်ကုန်
(ဍ)	ဦးသက်နိုင်	၀၉-၆၉၃၀၁၉၄၉၅	ရန်ကုန်
(ဎ)	ဗိုလ်မှူးချုပ် အောင်ခင်ဇော်	၀၉-၃၉၁၀၀၃၄၈	ပုသိမ်
(ဏ)	ဗိုလ်မှူးချုပ် ကျော်ကျော်သန်း	၀၉-၃၉၁၀၃၂၂၄	အမ်း
(တ)	ဗိုလ်မှူးချုပ် မျိုးထွန့်လှိုင်	၀၉-၃၉၁၀၀၃၄၅	မုံရွာ
(ထ)	ဗိုလ်မှူးကြီး အောင်လွင်	၀၉-၃၉၁၀၁၇၄၈	မန္တလေး
(ဒ)	ဦးတင်မောင်စိုး	၀၉-၂၅၀၈ဖ၂၁၅၈	မန္တလေး
(ဓ)	ဦးစိုးဟိန်းနောင်	၀၉-၆၉၅၀၀ဖ၆ဝ	မန္တလေး
(နဝ)	ဗိုလ်မှူးချုပ် အောင်ခိုင်ချို	၀၉-၃၉၁၀၀ဖ၃၂	တောင်ငူ

သတင်းစဉ်

နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

တွဲလက်ခိုင်ကျည် ပေါင်းစုညီ ဒို့ညီနောင်ထု ပြည်ထောင်စု။

၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်း တည်ဆောက်ရေး။

၂။ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသား လူမျိုးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီ လက်ညီ လက်တွဲဆောင်ရွက်ရေး။

၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

၅။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံး ညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမတွေ အတူတကွလေ့လာရေးခရီး သွားရတဲ့အတွက် ဝမ်းသာကြည်နူးမှုကိုခံစားရပါတယ်

ခေါင်ဂျုံး(ကချင်ပြည်နယ်ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)

နေပြည်တော်၌ ကျင်းပမည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။

အဆိုပါ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု လေ့လာရေးအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အတူတကွ နေပြည်တော်အတွင်း လေ့လာကြည့်ရှုရသည့်ခံစားချက်များကို မေးမြန်းရေးသားတင်ပြလိုက်ရပါသည်။

မဟိန်းထက်ထက်လှိုင်

ဒေါ်နော်ကြူကြူသန်း

စောအဲဖော့သို

ခေါင်ဂျုံး


ဦးခင်မောင်လေး

မဟိန်းထက်ထက်လှိုင်
(ချင်းပြည်နယ်ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)

ကျွန်မတို့အနေနဲ့ ပြည်ထောင်စုနေ့မှာ တိုင်းရင်းသားရိုးရာအကအလှတွေနဲ့ ကပြဖျော်ဖြေကြမှာ ဖြစ်ပါတယ်။ ဒီလို ဖျော်ဖြေခွင့်ရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ နေပြည်တော်ကို မရောက်ဖူးပါဘူး။ အခုမှ ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်ပါတယ်။ အခုလို နေပြည်တော်ရဲ့ အထင်ကရ နေရာတွေကို တာဝန်ရှိသူတွေက လိုက်လံ ပို့ဆောင်ပေးတဲ့အတွက် ပျော်ရွှင်မိသလို ကျေးဇူးလည်း တင်ရှိပါတယ်။ နောက်ရက်တွေမှာလည်း ဗဟုသုတရဖွယ်နေရာတွေကို လိုက်လံပို့ဆောင်ပေးမယ်လို့လည်း သိရှိရပါတယ်။ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက် ပူဇော်နေတာကို ဖူးမြင်ရတော့ အံ့ဩဝမ်းသာကြည်နူးမိပါတယ်။

ဒေါ်နော်ကြူကြူသန်း (အဖွဲ့ခေါင်းဆောင်၊ ကရင်ပြည်နယ်ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)

ကျွန်မတို့အဖွဲ့မှာ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ကြာအင်းဆိပ်ကြီးမြို့နယ်၊ မြဝတီမြို့နယ်၊ ကော့ကရိတ်မြို့နယ်နဲ့ လှိုင်းဘွဲမြို့နယ်က ယဉ်ကျေးမှုအဖွဲ့တွေ ပါဝင်ပါတယ်။ ဒီအဖွဲ့တွေဟာ (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့မှာ ပထမဆုရတဲ့ ဘုံးယိမ်းအဖွဲ့ကို ခေါ်လာခြင်းလည်းဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲမှာ ကရင်ဒုံးယိမ်းအကနဲ့ ဖျော်ဖြေတင်ဆက်ကြမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ယဉ်ကျေးမှုအဖွဲ့က ကလေးတွေကို နေပြည်တော်မှာရှိတဲ့ ဗဟုသုတရဖွယ် နေရာတွေ၊ အထင်ကရနေရာတွေကို လိုက်ပို့ခွင့်ရတဲ့အတွက် ဝမ်းသာပျော်ရွှင်မိပါတယ်။ လိုက်လံပို့ဆောင်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်မတို့ ယဉ်ကျေးမှုအဖွဲ့လည်ပတ်ခွင့်ရတဲ့အတွက်လည်း သူတို့အစား ဂုဏ်ယူမိပါတယ်။ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြင်ရတဲ့အတွက်လည်း ကြည်နူးမိပါတယ်။

စောအဲဖော့သို (ကရင်ပြည်နယ်ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)

ကျွန်တော် နေပြည်တော်ကို အခုမှ ပထမဆုံး ရောက်ဖူးခြင်းဖြစ်ပါတယ်။ နေပြည်တော်ရဲ့ ခမ်းနားမှုက ကျွန်တော့်အတွက် အံ့သြစရာတွေနဲ့ ပြည့်နှက်နေပါတယ်။ နောက်ပြီး ပြည်ထောင်စုနေ့မှာ ပါဝင်ဖျော်ဖြေရမယ့်အပြင် အထင်ကရနေရာတွေကိုလည်း လိုက်ပို့ပေးတဲ့အတွက် အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့အတွက်လည်း ကြည်နူးမိပါတယ်။ အရင်က တီဗီနဲ့ သတင်းစာတွေထဲမှာသာ မြင်ဖူးတဲ့ လွတ်တော်အဆောက်အအုံကြီးကို အခုလို အပြင်မှာ မြင်လိုက်ရတာဟာ ကျွန်တော့် ဘဝအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတစ်ခုလည်း ဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ အတူတကွ လေ့လာခွင့်ရအောင် ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။

ခေါင်ဂျုံး(ကချင်ပြည်နယ်ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)

မနှစ်ကတော့ နေပြည်တော်ကို တစ်ခေါက်ရောက်ခဲ့ဖူးပါတယ်။ ဒီနှစ်ပြည်ထောင်စုနေ့မှာ ကျွန်တော်တို့အဖွဲ့အနေနဲ့ ရိုးရာအကအလှတွေနဲ့ ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်။ နေပြည်တော်မှာရှိတဲ့ အထင်ကရနေရာတွေကို လိုက်လံပို့ဆောင်ပြသပေးတဲ့အတွက် စိတ်ထဲပျော်ရွှင်မိပါတယ်။ အတွေ့အကြုံအသစ်တွေ၊ ဗဟုသုတအသစ်တွေလည်း တိုးပွားတဲ့အတွက် အဖိုးတန်တဲ့ လေ့လာရေးခရီးတစ်ခုလည်း ဖြစ်ပါတယ်။ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ဆောက် ပူဇော်နေတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကျွန်တော်တို့ သိရှိအောင် ရှင်းလင်းပြောကြားပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ နောက်ပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့ အတူတကွ လေ့လာရေးခရီးသွားရပြီး တွေ့ဆုံရတဲ့အတွက်လည်း ဝမ်းသာကြည်နူးမှုကိုခံစားရပါတယ်။

ဦးခင်မောင်လေး(အကနည်းပြ၊ ကယားပြည်နယ်ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့မှာ ကျွန်တော်တို့အဖွဲ့ ပါဝင်ဆင့်နွှဲခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်။ နေပြည်တော်က အထင်ကရ နေရာတွေကို လေ့လာရေးပို့ဆောင်ပေးတဲ့အတွက်လည်း အသိအမြင် ဗဟုသုတတွေ၊ အတွေ့အကြုံတွေလည်း ရရှိခဲ့ပါတယ်။ နေရာစုံအောင် ပို့ဆောင်ပေးတဲ့အတွက်လည်း ကျေးဇူးအထူးတင်ရှိပါတယ်။ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့အတွက် ကျွန်တော့်ရင်ထဲမှာ အေးချမ်းသာယာပြီး အတိုင်းမသိ ဝမ်းသာကြည်နူးမှုကို ခံစားရပါတယ်။ နောက်ပြီး တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေနဲ့ တွေ့ဆုံဖို့ဆိုတာ ခဲယဉ်းလှပါတယ်။ အခုလို နေပြည်တော်မှာ အတူတကွတွေ့ဆုံ ခွင့်ရတဲ့အပြင် လေ့လာရေးအနေနဲ့ပါ လည်ပတ်ခွင့်ရတဲ့အတွက် ကျွန်တော့်အတွက် တန်ဖိုးရှိတဲ့ အချိန်ကာလတစ်ခု လည်းဖြစ်ပါ တယ်။

တွေ့ဆုံမေးမြန်း – အောင်ရဲသွင်၊ ဂျိုင်းလော
ဓာတ်ပုံ – ကိုကိုထိန်၊ ကိုကိုအေး

ဥပဒေရေးရာဝန်ကြီးဌာန၏ စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာ အခြေခံသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၆

ဥပဒေရေးရာဝန်ကြီးဌာန၏ စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ် ၁/၂၀၂၃ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ဥပဒေရေးရာဝန်ကြီးဌာနရှိ မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းမှာ ဥပဒေရေးရာဝန်ကြီးဌာန၊ တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု မဟာဗျူဟာ စီမံကိန်း (၂၀၂၀-၂၀၂၄) ၏ ပန်းတိုင်(၂) ရည်မှန်းချက် ၂၊ ၂ နှင့်အညီ ဥပဒေဝန်ဆောင်မှုကို ပုံစံအမျိုးမျိုး ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဥပဒေအသိပညာပြန့်ပွားရေး ဆောင်ရွက်ချက်တစ်ရပ်အဖြစ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်း၍ တာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိများကို စီးပွားရေးစာချုပ်စာတမ်းများအပေါ် အခြေခံစိစစ်ခြင်းဆိုင်ရာကိစ္စရပ်များကို သိရှိနားလည်စေရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စာချုပ်ချုပ်ဆိုရာတွင် မြန်မာနိုင်ငံ၏ သက်ဆိုင်ရာတည်ဆဲ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရန် ဖြစ်ကြောင်း၊ စာချုပ်ချုပ်ဆိုရာတွင်လည်း စည်းကမ်းချက်များ ပြည့်စုံစေရန်အတွက် လိုအပ်ချက်များ၊ အချိန်ကြန့်ကြာမှုများ မရှိစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

ယခုသင်တန်းသည် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအကြား ချုပ်ဆိုမည့်စာချုပ်များကို စိစစ်ရာ၌ မလိုလားအပ်သည့် အချိန်ကြန့်ကြာမှုများ လျော့ကျပြီး ပိုမိုမြန်ဆန်သောလုပ်ငန်းစဉ်ဖြင့် ထိရောက်စွာ စိစစ်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် စာချုပ်ဝင်နှစ်ဖက်အကြား အပြီးသတ်ပြုစုထားသည့် စာချုပ်(မူကြမ်း)များအပေါ် သက်ဆိုင်ရာဌာနက သဘောထားမှတ်ချက်တောင်းခံလာပါက ပြည်ထောင်စုရှေ့နေချုပ် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်အကြံပြုပြန်ကြားပေးနေပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ခြင်းတို့ကို ပြုလုပ်လျက်ရှိကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအကြား ယုံကြည်စိတ်ချမှု၊ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဥပဒေရေးရာခိုင်မာမှုများရရှိစေရန် ချုပ်ဆိုသည့် စီးပွားရေးစာချုပ်စာတမ်းများအပေါ်တွင် နှစ်ဦးနှစ်ဖက် နစ်နာမှုများ မရှိစေရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်သုံးသပ်အကြံပြုပြန်ကြားပေးရကြောင်း။

စီးပွားရေးလုပ်ငန်းစာချုပ်များမှာ လုပ်ငန်းသဘောသဘာဝအပေါ်မူတည်၍ စာချုပ်အမျိုးအစား အမျိုးမျိုး ကွဲပြားနိုင်ကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်သူများအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဥပဒေမူဘောင်၊ စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်း၊ စာချုပ်စာတမ်း တစ်ရပ်တွင် ပါရှိရမည့် စည်းကမ်းချက်များ၏ သဘောသဘာဝများ၊ ပြင်ဆင်စာချုပ်၊ ရပ်စဲခြင်း သဘောတူစာချုပ်၊ ဖက်စပ်စာချုပ် (JV)၊ B.O.T စနစ်ဖြင့် မြေနှင့် အဆောက်အဦ ငှားရမ်းခြင်း သဘောတူစာချုပ်၊ မြေနှင့် အဆောက်အဦ ငှားရမ်းခြင်း စာချုပ်(Land Lease Agreement)နှင့် ပဋ္ဌိညာဉ်အကြောင်း သိကောင်းစရာ၊ Deed of Assignment တို့နှင့် စပ်လျဉ်းပြီး စာချုပ်မူကြမ်း ပြုစုခြင်း၊ စိစစ်ဆောင်ရွက်ခြင်းတို့ကို သိရှိနားလည်ခြင်းအားဖြင့် မိမိတို့၏အရည်အသွေးများ ပိုမိုတိုးတက်မြင့်မားလာစေမည်ဖြစ်သောကြောင့် ယခုသင်တန်းကို သေချာမှတ်သား၍ လေ့လာရန်တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာန ၁၅ ခုနှင့် တရားလွှတ်တော်ရှေ့နေကောင်စီတို့မှ သင်တန်းသား သင်တန်းသူ ၅၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း)သင်တန်း အမှတ်စဉ် (၄၇) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းတွင် မြန်မာနိုင်ငံ စာရင်းကောင်စီက ကြီးမျူးဖွင့်လှစ်သည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် လက်မှတ်ရပြည်သူ့စာရင်းကိုင် (Certified Public Accountant – CPA) (ပထမပိုင်း) သင်တန်း အမှတ်စဉ် (၄၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက နိုင်ငံတော် တည်ဆောက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် အရည်အချင်းပြည့်ဝသော စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ တိုးပွားစေရန် ရည်ရွယ်ပြီး စာရင်းပညာရပ်ဆိုင်ရာသင်တန်းများကို မြန်မာနိုင်ငံ စာရင်းကောင်စီက ကြီးမျူး၍ ဖွင့်လှစ်ပေးလျက် ရှိပါကြောင်း၊ အရေအတွက်သာမက အရည်အသွေး ပြည့်ဝစေရေးအတွက် သင်ရိုးညွှန်းတမ်းများ၊ သင်ကြားမှုပုံစံများ ပြောင်းလဲကျင့်သုံး၍ ၁၉၇၂ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သည်မှာ ယခုသင်တန်းအပတ်စဉ် (၄၇) အထိ ရောက်ရှိပြီဖြစ်ပါကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းသည် ဘွဲ့လွန်ပညာရှင်အဆင့် (Post-Graduate Professional) နှစ်နှစ် သင်တန်းဖြစ်ပြီး သင်တန်း (ဒုတိယပိုင်း) စာမေးပွဲအောင်မြင်၍ သတ်မှတ်စာရင်းကိုင် အလုပ်သင် လုပ်သက်ပြည့်မြောက်ပြီးသူများကို "စာရင်းပညာရှင် (ပထမအဆင့်)" အဖြစ် သတ်မှတ်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းတစ်ခု ဖြစ်သဖြင့် သင်တန်းသားများအတွက် ကနဦး ခြေလှမ်း တစ်ရပ်ဖြစ်ပါကြောင်း။

သို့ပါ၍ သင်တန်းသားများ အနေဖြင့် ကထိကများ၏ ပို့ချမှုများအပြင် မိမိကိုယ်တိုင် လေ့လာဆည်းပူးခြင်း (Self-Study) နှင့် သင်တန်းစည်းကမ်းများကို မိမိအသိစိတ်ဖြင့် ကိုယ်တိုင်စောင့်ထိန်းလိုက်နာခြင်း (Self-Discipline) စသည့် အလေ့အကျင့်ကောင်းများဖြင့် မိမိကိုယ်မိမိယုံကြည်မှု (Self-Confidence)ရှိရန် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ စာရင်းပညာ အရည်အသွေးတိုးတက်စေရန်နှင့် နိုင်ငံတော်က အားထားရသည့် စာရင်းပညာရှင်များဖြစ်လာစေရန် သင်တန်းကာလတစ်လျှောက် ဖွဲ့၊ လုံ့လ၊ ဝီရိယ ရှိစွာဖြင့် ကြိုးစားကြစေလိုပါကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော် သင်တန်းကျောင်း တာဝန်ခံက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသား ၁၄၅ ဦး တက်ရောက်

အဆိုပါ သင်တန်းသို့ နေပြည်တော်ရှိ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၌ ၆၃ ဦး၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံစာရင်းကောင်စီ ရုံး ရန်ကုန်သင်တန်းကျောင်း၌ ၈၂ ဦး စုစုပေါင်း သင်တန်းသား ၁၄၅ ဦးကို သင်ကြားပို့ချမည် ဖြစ်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၆ ရက်မှ ၂၀၂၄ ခုနှစ် ဧနီနဝါရီ ၅ ရက်အထိ ၁၁ လ ကြာ စာသင်ခန်းတက်ရောက် (Face to Face) ဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယ စာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမမှ လည်းကောင်း၊ မြန်မာနိုင်ငံ စာရင်းကောင်စီရုံး၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင် အသင်းနှင့် ရန်ကုန် သင်တန်းကျောင်းမှ တာဝန်ရှိသူများက Online ဖြင့် လည်းကောင်း တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့သည် ယနေ့တွင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၀၈၃ ဦးကို ယင်းကျေးရွာရှိ တိုက်နယ်ဆေးရုံ၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၄၅ ဦး၊ ခွဲစိတ်ရောဂါ ၈၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၆၃ ဦး၊ ကလေးရောဂါ ၅၄ ဦး၊ အရိုးအကြောရောဂါ ၂၁၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇၅ ဦး၊ မျက်စိရောဂါ ၁၈၆ ဦးနှင့် သွားရောဂါ ၅၈ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၆၁ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၃၅ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၁၁၅ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၈၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၆၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နီးစပ်ရာတပ်မတော် ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၆

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်လှိုင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကော့သောင်းမြို့နှင့် ခမောက်ကြီးမြို့များရှိ နယ်မြေခံတပ်နယ်များ၌ ရာသီသီးနှံစိုက်ပျိုးထားရှိမှု၊ နို့စားနွားနှင့် အသားတိုးနွားမွေးမြူထားရှိမှု၊ အသားတိုးဝက်၊ ဥစားဘဲနှင့် ကြက်မွေးမြူထားရှိမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုး၊ မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အကြမ်းဖက်မှုပယောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတွင် ပြန်လာရန်အခက်အခဲများကြုံတွေ့ခဲ့သော မြန်မာနိုင်ငံသားများအနက် ရခိုင်ပြည်နယ် စစ်တွေမြို့မှ နေရပ်ပြန်သူများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ် (အနော်ရထာ) ဖြင့် စီစဉ်ပို့ဆောင်ပေးခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲကြုံတွေ့ခဲ့ရသော နေရပ်ပြန် မြန်မာနိုင်ငံသား ၆၇၉ ဦးတို့အနက် မြန်မာနိုင်ငံတောင်ဘက် အစွန်ဆုံးမြို့ဖြစ်သည့် ကော့သောင်းမြို့မှ အလွန်ဝေးကွာသော မိုင်ပေါင်း ၇၄၅ မိုင်ခန့်ရှိ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် အနီးပတ်ဝန်းကျင်မြို့များမှ နေရပ်ပြန် မြန်မာနိုင်ငံသား ၈၀ အား မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ် (အနော်ရထာ)**(ယာဝုံ)** ဖြင့် ခေါ်ဆောင်လာခဲ့ရာ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ရေတပ်ဆိပ်ခံတံတား(မင်းဂံ)သို့ ရောက်ရှိကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း နေရပ်ပြန် မြန်မာနိုင်ငံသားများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။

စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိလာကြသော နေရပ်ပြန်မြန်မာနိုင်ငံသားတို့အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ ပြည်နယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နေရပ်ပြန် မြန်မာနိုင်ငံသားများ၏ မိသားစုဝင်များက နွေးထွေးလှိုက်လှဲစွာ လာရောက်ကြိုဆိုကြသည်။ **(အောက်ပုံ)**

ပြန်လည်ခေါ်ဆောင်လာသည့် နေရပ်ပြန် မြန်မာနိုင်ငံသားများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ ထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်ကာ နေ့လယ်စာနှင့် ရေသန့်ဘူးများပေးဝေခဲ့ကြသည်။ ထို့နောက် နေရပ်ပြန်မြန်မာနိုင်ငံသားများအား နယ်မြေခံဗျူဟာ စစ်ရေယာဉ်စု ရှင်းလင်းဆောင်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တွေ့ဆုံအားပေးစကားပြောကြားပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေများ ပေးအပ်သည်။ ၎င်းနောက် နေရပ်ပြန် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာ မြို့နယ် အုပ်ချုပ်ရေးမှူးများထံသို့ စနစ်တကျ လွှဲပြောင်းအပ်နှံကာ အလွန်ဝေးလံသည့် နေရာဒေသများသို့ အချိန်တိုအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မိသားစုများနှင့် အမြန်ဆုံးပြန်လည် တွေ့ဆုံနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုစိတ်ဓာတ် အရင်းတည် ပင်လုံမှသည် နိုင်ငံတစ်ဝန်းဆီသို့

သီဟစည်သူ

မြန်မာနိုင်ငံတော်ကြီး ထီးကျိုး စည်ပေါက် နယ်ချဲ့လက်အောက်ဘဝမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းကြရာတွင် "ပြည်ထောင်စုနေ့" သည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် သမိုင်းဝင် နေ့ထူးနေ့မြတ်ကြီးပင် ဖြစ်ပါသည်။ ပင်လုံမြေမှစတင်ခဲ့သည့် တိုင်းရင်းသားပေါင်းစုံ သွေးစည်းညီညွတ်မှု၏ သင်္ကေတဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်၏ အရင်းတည် ပေါက်ဖွားရာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်ကစ၍ ပြည်ထောင်စုအလံတော်ကို လွှင့်ထူခဲ့ကြသည်မှာ ယခုဆိုလျှင် ၇၆ နှစ် တိုင်ခဲ့လေပြီ။



THE PANGLONG AGREEMENT

Dated Panglong, the 12th. February 1947.

THE PANGLONG AGREEMENT, 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Sawbwas and representatives of the Shan States, the Kachin Hills and the Chin Hills :

The Members of the Conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government :-

The Members of the Conference have accordingly, and without dissentients, agreed as follows :-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCOUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these Areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a Unified Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.

9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive from the revenues of Burma, and the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

Shan Committee.
Saohpalong of Tawngpeng State.
Saohpalong of Yawnghwe State.
Saohpalong of North Hsenwi State.
Saohpalong of Laihka State.
Saohpalong of Mong Pawn State.
Saohpalong of Kesaungkham State.
Representative of Keethung Saohpalong.
(Hkun Pung)
(U Tin E) (U Htun Hlaing)
(U Kyaw Zaw) (Hkun Saw)
(Sao Tape Hpa) (Hkun Htee)

Kachin Committee.
(Jinu Naw, Myitkyina)
(Zau Rip, Myitkyina)
(Diara Tang, Myitkyina)
(Zau Le, Bhamo.)
(Zau Lawn, Bhamo)
(Labang Grong, Bhamo)

Burmese Government.

Chin Committee.
(U Hlur Khung, ATM, TDM, B.R.M., Falam.)
(U Thawng Za Khup, ATM, Tiddim.)
(U Kio Vang, ATM, Haka)

ပင်လုံစာချုပ် မူရင်း။

အတိတ်ကိုသုံးသပ်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့လက်ထက်နှင့် ကိုလိုနီလက်အောက်မှ လွတ်မြောက်ရေး ကြိုးပမ်းစဉ်ကာလများအတွင်း မကြုံစဖူးအောင် စည်းလုံးညီညွတ်ခဲ့ကြသည်ကို သမိုင်းမှတ်တမ်းများတွင် အထင်းသားပေါ်လွင်နေပါသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားအပေါင်းတို့သည် ဤမြေတွင် အတူနေ၍ ဤရေကို အတူသောက်ခဲ့ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများပင်ဖြစ်၍ ရာဇဝင်အဆက်ဆက် မည်မျှပင် ပြောင်းလဲခဲ့သော်လည်း နှစ်ပေါင်းများစွာတိုင်အောင် ပြည်ထောင်စုအလံတော်အောက်တွင် တစ်စုတစ်စည်းတည်း၊ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်မှုဖြင့်သာ ဤသံမဏိ လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ခဲ့ကြခြင်းပင်ဖြစ်သည်။

ပင်လုံမှပေးသော ပြည်ထောင်စုအမွေ

၁၉၄၅-၁၉၄၆ ဝန်းကျင်နှစ်များအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုအောက်တွင် စည်းစည်းလုံးလုံး ရှိခဲ့ကြသည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလအတွင်း ရွှေတိဂုံအလယ်ပစ္စယံ၌ ကျင်းပခဲ့သော ဖဆပလ လူထုညီလာခံကြီးမှ "တောင်တန်း - ပြည်မ ပူးပေါင်းရေး" အဆိုကို အောင်မြင်စွာ ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့သည်။ အမှန်စင်စစ် ပင်လုံမြေမှ ပေးအပ်သော ပြည်ထောင်စုအမွေဆိုသည်မှာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်မှ ၁၂ ရက်နေ့အထိ ရှမ်းပြည်နယ် တောင်ပိုင်း ပင်လုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော တိုင်းရင်းသား ကိုယ်စားလှယ်ကြီးများ တက်ရောက်ခဲ့သည့် ဒုတိယအကြိမ် ပင်လုံညီလာခံ အစည်းအဝေးကြီး၌ မြန်မာနိုင်ငံမှ ရရှိခံစားရမည့် လွတ်လပ်ရေးကြီးကို တိုင်းရင်းသားလူမျိုးအားလုံး အကျိုးတူ ရရှိခံစားနိုင်ရန်အတွက် ဆွေးနွေးကာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် စာချုပ်တစ်ရပ်အဖြစ် သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ပင်လုံညီလာခံသည် လွတ်လပ်ရေးအတွက် တိုင်းရင်းသားအားလုံး ဥမက္ကဲသိုက်မပျက် ပူးပေါင်းဆောင်ရွက်မည်ဟူသော သွေးစည်းညီညွတ်ရေး သမိုင်းမှတ်တိုင်ကြီးကို စိုက်ထူနိုင်ခဲ့သော ညီလာခံကြီးပင်ဖြစ်သည်။ တစ်နည်းအားဖြင့် **ပင်လုံစာချုပ်**သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဂုဏ်ဒြပ်ကို ထည်ဝါခံ့ညားစေခဲ့သည်သာမက ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူ ဖော်ဆောင်နိုင်ခဲ့သော ညီလာခံကြီးပင် ဖြစ်ပါသည်။

ပင်လုံကျေးဇူး

**"ကမ္ဘာတွင် ဖက်ဆစ်စနစ်သည် ဗုန်းဗုန်းကျဆုံးနေလေပြီ။ မြန်မာပြည် မြေပြန့်တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေး လှုပ်ရှားမှုကြီးသည် အစွမ်းကုန် ညီညွတ်တောင့်တင်းနေပေသည်။ တောင်တန်းဒေသတရိုးတွင်လည်း နိုးကြားမှုသည် အရှိန်အဟုန် ရနေပေပြီ။ ဤအခြေအနေတွင် ပင်လုံညီလာခံကျင်းပကာ တောင်တန်းသားခေါင်းဆောင်တို့၏ သဘောထားကို ထုတ်ဖော်စေသောအခါ "ရှမ်း၊ ချင်း၊ ကချင်" အစရှိသော ငါတို့တောင်တန်းသားတို့သည် မြေပြန့် မြန်မာတို့နှင့်အတူ ပူးပေါင်းလက်တွဲ၍ လုံးဝလွတ်လပ်ရေးကို အရယူကြမည်" ဟု တစ်ခဲနက်သော အသံကြီးထွက်ပေါ်လာခဲ့လေသည်။ဤကိစ္စတွင် ဗိုလ်ချုပ်အောင်ဆန်းအပေါ် တောင်တန်းဒေသ ခေါင်းဆောင်များ၏ မမှိတ်မသုန်သော၊ မတုန်မလှုပ်သော ယုံကြည်မှုသည်လည်း အဓိကအချက်တစ်ရပ် အနေဖြင့် ပါဝင်နေသည်ကို မမေ့အပ်ပေ။ ဤသို့ ပင်လုံညီလာခံကြီးသည် နယ်ချဲ့သမားတို့၏ နှစ်ပေါင်းရာချီ၍ တည်ဆောက်ခဲ့သော သွေးခွဲရေးစနစ်ကြီးကို တအားကုန်ရိုက်ချိုးနိုင်ခဲ့ပေသည်။ ယင်းကဲ့သို့ နယ်ချဲ့တို့၏ "သွေးခွဲအုပ်ချုပ်မှု" ကြီးကို ပင်လုံတွင် ရိုက်ချိုးနိုင်ခဲ့သဖြင့် ၁၉၄၇ခုနှစ်တွင် တိုင်းရင်းသားပေါင်းစုံ ကိုယ်စားလှယ်များ ပါဝင်သော တိုင်းပြုပြည်ပြုလွှတ်တော် ကျင်းပနိုင်ခဲ့ပေသည်။" ဟု ရှမ်းပြည်နယ် ကိုယ်စားလှယ်အဖြစ် ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့သူ ဦးတင်အေး(ရှမ်းပြည်) ၏ ပင်လုံကိုယ်တွေ့စကားသံကို ငွေတာရီ မဂ္ဂဇင်း အမှတ် - ၉၂ တွင် ဖော်ပြခဲ့လေသည်။

အဆိုပါ ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည့် ထိုနေ့ကို **"ပြည်ထောင်စုနေ့"** အဖြစ် သတ်မှတ်ကာ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားများအား နှစ်စဉ်နှစ်တိုင်း ဆင်ယင်ကျင်းပခဲ့သည်။ ၁၉၄၈ နှင့် ၁၉၄၉ ခုနှစ်များတွင် ပြည်ထောင်စုနေ့ သဘင်ကို ပင်လုံမြို့၌ ကျင်းပခဲ့ပြီး ၁၉၅၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။

ပြည်ထောင်စုအလံတော်သယ်ယူ

ပြည်ထောင်စုနေ့သဘင်ကို ကျင်းပသည့်အခါ ပြည်နယ်အသီးသီးမှ တိုင်းရင်းသားပေါင်းစုံတို့၏ ကိုယ်စားလှယ်တော်များ တက်ရောက်ခဲ့ကြသည်။ ထူးခြားချက်မှာ ၁၉၅၄ ခုနှစ်မှစတင်၍ ပြည်ထောင်စုအလံတော်ကို အလှည့်ကျရာ ပြည်နယ်အသီးသီးမှ ပြည်ထောင်စုနေ့သဘင် ကျင်းပချိန်အမီ ရန်ကုန်မြို့သို့အရောက် လက်ဆင့်ကမ်း သယ်ယူခဲ့ခြင်းပင်ဖြစ်သည်။ ထိုနှစ်တွင် တိုင်းရင်းသားလူမျိုးစုတို့ ပူးပေါင်းသွေးစည်းရာ ပင်လုံမြို့မှ ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုနေ့အမီ ရန်ကုန်မြို့သို့အရောက် လက်ဆင့်ကမ်း သယ်ယူလာပြီးလျှင် နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ အပ်နှံခဲ့သည်။

၁၉၆၉ ခုနှစ်က မန္တလေးမြို့သို့ သယ်ဆောင်မည့် ပြည်ထောင်စုအလံတော်အား ကျောင်းသူတစ်ဦးက လက်ဆင့်ကမ်း သယ်ဆောင်လာသည့် မှတ်တမ်းဓာတ်ပုံ။

အဆိုပါ အလံတော်သယ်ယူသည့် လမ်းတစ်လျှောက်ရှိ မြို့များ၌ ပြည်ထောင်စုအလံတော် အလေးပြုပွဲနှင့် တိုင်းရင်းသားပြည်သူများ၏ ပြည်ထောင်စုအလံတော် ကြိုဆိုပွဲများကို ခြိမ်ခြိမ်သဲသဲ ကျင်းပခဲ့ကြသည်။

ပြည်ထောင်စုအလံတော် သယ်ဆောင်ခြင်းနှင့် ပတ်သက်၍ ၁၉၅၄ ခုနှစ် နောက်ပိုင်း ၁၉၅၅ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ပြည်ထောင်စုအလံတော် သယ်ဆောင်ခြင်းအခမ်းအနား မကျင်းပနိုင်ခဲ့ဘဲ ၁၉၆၅ ခုနှစ်မှ ၁၉၇၃ ခုနှစ် (၅၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားအထိ ပြည်ထောင်စုအလံတော်အား တိုင်းဒေသကြီးနှင့်

စာမျက်နှာ ၁၇ သို့

"ပင်လုံညီလာခံသည် လွတ်လပ်ရေးအတွက် တိုင်းရင်းသားအားလုံး ဥမက္ကဲသိုက်မပျက် ပူးပေါင်းဆောင်ရွက်မည်ဟူသော သွေးစည်းညီညွတ်ရေး သမိုင်းမှတ်တိုင်ကြီးကို စိုက်ထူနိုင်ခဲ့သော ညီလာခံကြီးပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ပင်လုံစာချုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဂုဏ်ဒြပ်ကို ထည်ဝါခံ့ညားစေခဲ့သည်သာမက ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူ ဖော်ဆောင်နိုင်ခဲ့သော ညီလာခံကြီးပင်ဖြစ်"

စာမျက်နှာ ၁၆ မှ

ပြည်နယ်များမှ လက်ဆင့်ကမ်းသယ်ဆောင်ခြင်း အခမ်းအနားများ ကျင်းပခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ပြဋ္ဌာန်းခြင်းနှင့်အတူ နိုင်ငံတော်အလံ လဲလှယ်ခဲ့သည်။

ထို့နောက် ၁၉၇၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ(၁၉၇၈ ခုနှစ်မှအပ) ပြည်ထောင်စုအလံတော်ကို လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ် များဖြင့် သယ်ဆောင်ခဲ့ကြသည်။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ် (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားအထိ ပြည်ထောင်စုအလံတော် သယ်ဆောင်ခြင်း အခမ်းအနား ကျင်းပခဲ့သည်။ ယင်းနောက် ၂၀၀၇ ခုနှစ်မှ ၂၀၂၁ ခုနှစ် ပြည်ထောင်စုနေ့ အခမ်းအနားအထိ ၁၅ နှစ်တာ ပြည်ထောင်စုအလံတော်သယ်ဆောင်ခြင်း အခမ်းအနား ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် နေပြည်တော်သို့ ဆောင်ယူလာခဲ့ပေသည်။

ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **"ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားတဲ့ သဘောထားခံယူချက်ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးဟာ ဆွေမျိုးသားချင်း ညီအစ်ကို မောင်နှမများဖြစ်တယ်လို့ ခံယူတဲ့စိတ်ဓာတ်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများ ဖြစ်တယ်လို့ ခံယူတဲ့စိတ်ဓာတ်၊ တစ်ဦးမှာ အရေးကြုံရင် တစ်ဦးက မပစ်ပယ်ဘဲ တလုံးတစည်းတည်း ပူးပေါင်းရင်ဆိုင်ဖြေရှင်းလိုတဲ့စိတ်ဓာတ်၊ အရေးကြီးရင် သွေးစည်းရမယ်လို့ ခံယူထားတဲ့ စိတ်ဓာတ်၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း၊ တစ်သားတည်းရှိတယ်လို့ ခံယူတဲ့ စိတ်ဓာတ်တွေကို ပေါင်းရုံးစုစည်းပြီး ခေါ်ဆိုတာဖြစ်ပါတယ်"** ဟု ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

ထိုသို့ ပင်လုံမြေမှ အစပြုခဲ့သော တိုင်းရင်းသားသွေးစည်းညီညွတ်မှု၏ သင်္ကေတဖြစ်သည့် ပြည်ထောင်စုအလံတော်သည် နေပြည်တော်သို့ ရောက်ရှိလာသည့်တိုင်အောင် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု၏ အဓိပ္ပာယ်ကို ပြဆိုနိုင်ခဲ့လေသည်။

ပြည်ထောင်စုနေ့၏ အနှစ်သာရမှာ ပြည်ထောင်စုသားအားလုံး သွေးစည်းညီညွတ်မှုပင်ဖြစ်သည်။ သို့သော်လည်း ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် ပေါ်ပေါက်လာခဲ့သည့် ရောင်စုံသူပုန် သောင်းကျန်းမှုများမှ စတင်ခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများ အလုံးစုံရပ်စဲရေးနှင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရရှိရေးတို့အတွက် နှစ်ပေါင်း ၇၀ ကျော်ကြာ ယနေ့အချိန်အခါအထိ ခေတ်အဆက်ဆက် အစိုးရများက ဖော်ဆောင်နေကြရဆဲပင်။

ကွက်လပ်ကြီးတစ်ခု

တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု၊ ဇွဲ၊ သတ္တိများဖြင့် ဆက်လက်ဆောင်ရွက်ရမည့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ များစွာကျန်နေပါသေးသည်။ ပင်လုံစိတ်ဓာတ်များ ပြန်လည်နိုးထလာစေရေး များစွာလိုအပ်နေပေသေးသည်။ အမှန်စင်စစ် ပြည်ထောင်စုတိုင်းရင်းသား သွေးစည်းညီညွတ်မှုကို သက်သေပြဆိုရန် **"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်"** တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပါဝင်လာရေးဟူသည့် ကွက်လပ်ကြီးတစ်ခု ကျန်နေပါသေးသည်။ ဤကွက်လပ်ကို ဖြည့်ဆည်းရန်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် မဟာသမိုင်းပေးတာဝန်သာ ဖြစ်ပေသည်။

၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားဌာ အလေးပြုခြင်းခံယူမည့် ပြည်ထောင်စုအလံတော်အား ပြည်ထောင်စုလှေဖြင့် နေပြည်တော်သို့ သယ်ဆောင်သည့် အခမ်းအနားကျင်းပစဉ်။ (ဓ.၂.၂၀၂၂ ရက်)

ခေတ်အဆက်ဆက် မြန်မာတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် လွတ်လပ်ရေးကို ဆုံးရှုံးခဲ့ရသည်မှာ ကမ္ဘာ့နိုင်ငံရေး မကျွမ်းကျင်မလိမ္မာခြင်း၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သွေးစည်းညီညွတ်မှု လျော့ပါးလာခြင်း၊ ပြည်သူများ၏ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ဆုတ်ယုတ်လာခြင်းတို့ကြောင့်ပင်ဖြစ်သည်။ ဤသည်တို့ကား တိုင်းပြည်လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်နေကြသည့် ကျွန်ုပ်တို့မျိုးဆက်များအဖို့ သင်ခန်းစာယူစရာ၊ သတိမူစရာများပင်ဖြစ်ပေသည်။ အတိတ်သမိုင်းတွင် ဖြစ်ပျက်ခဲ့ရသမျှ ဖြစ်စဉ်များထဲမှ မိမိတို့သည် ဥဒါန်းကျေသော်လည်း ကမ္ဘာကြေနိုင်ဖွယ်ရာ မရှိသည့် ဖြစ်ရပ်များကို အသည်းနှလုံးထဲတွင် သံမှိုစွဲဘိသကဲ့သို့ ထာဝစဉ်မှတ်သား သင်ခန်းစာယူကြရပါမည်။

မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလ ဗိုလ်ချုပ်အောင်ဆန်း အသက်ရှင်လျက် ရှိစဉ်အခါက ပြောကြားခဲ့သည့် မိန့်ခွန်းတစ်ရပ်တွင် **"အခုလက်ရှိဖြစ်နေတဲ့ မြို့ ပျက်၊ ရွာပျက်၊ ကျောင်းပျက်၊ အိမ်ပျက်၊ လမ်းပျက်၊ ကျွန်းမာရေးပျက်၊ အကျင့်စာရိတ္တပျက်နေတဲ့ အခြင်းအရာတွေကို ခင်ဗျားတို့ ကျေနပ်သလား၊ သဘောကျသလား။ အဲလိုဖြစ်နေတာတွေကို မကျေနပ်ဘူးဆိုရင် အဲဒါတွေကို ပြုပြင်ရအောင် အစိုးရကို ကူဖို့ကိစ္စတွေကို ခင်ဗျားတို့ စိတ်ရောကိုယ်ပါ ကူညီသင့်၊ မကူညီသင့်။ ကူညီမယ်ဆိုရင် ခင်ဗျားတို့ ကူညီသလောက် ခင်ဗျားတို့ စီးပွားရေး၊ ကျွန်းမာရေး၊ ပညာရေးအစရှိတဲ့ အခြေအနေဟာ အမြန်ပြုပြင်လို့ရမှာပဲ၊ ဒီလိုမှ မဟုတ်ရင် ခင်ဗျားတို့ စီးပွားရေး၊ ကျွန်းမာရေး၊ ပညာရေး အစရှိတဲ့ အခြေအနေဟာ ဖြစ်ချင်တိုင်း ဖြစ်နေတာကို ခင်ဗျားတို့ တွေ့ရမှာပဲ"** ဟု မြွက်ကြားခဲ့သည်။ ဤမိန့်ခွန်းကို ကြည့်ခြင်းအားဖြင့် တွေးတောစရာများစွာ ကျန်ခဲ့ပေသည်။

ထို့ကြောင့် ပင်လုံမှသည် နေပြည်တော်ဆီသို့ လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြသည့် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရေးအတွက် မျိုးချစ်စိတ်ဓာတ်ဖြင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်

❍ ပြည်ထောင်စုနေ့သဘင်ကို ကျင်းပသည့်အခါ ပြည်နယ်အသီးသီးမှ တိုင်းရင်းသားပေါင်းစုံတို့၏ ကိုယ်စားလှယ်တော်များ တက်ရောက်ခဲ့ကြသည်။ ထူးခြားချက်မှာ ၁၉၅၄ ခုနှစ်မှစတင်၍ ပြည်ထောင်စုအလံတော်ကို အလှည့်ကျရာ ပြည်နယ်အသီးသီးမှ ပြည်ထောင်စုနေ့သဘင် ကျင်းပချိန်အမီ ရန်ကုန်မြို့သို့ အရောက် လက်ဆင့်ကမ်းသယ်ယူခဲ့ခြင်းပင်ဖြစ်သည်။ ထိုနှစ်တွင် တိုင်းရင်းသားလူမျိုးစုတို့ ပူးပေါင်းသွေးစည်းရာ ပင်လုံမြို့မှ ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုနေ့အမီ ရန်ကုန်မြို့သို့အရောက် လက်ဆင့်ကမ်း သယ်ယူလာပြီးလျှင် နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ အပ်နှံခဲ့သည်။ အဆိုပါ အလံတော် သယ်ယူသည့်လမ်းတစ်လျှောက်ရှိ မြို့များ၌ ပြည်ထောင်စုအလံတော် အလေးပြုပွဲနှင့် တိုင်းရင်းသားပြည်သူများ၏ ပြည်ထောင်စုအလံတော် ကြိုဆိုပွဲများကို ခြိမ်ခြိမ်သဲ ကျင်းပခဲ့

နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း... ၁၉၅၄ ခုနှစ် ဧနှစ်၀ါရီ ၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကလောင်ရှင် – သီတာ၏ ကဗျာတစ်ပုဒ်ဖြင့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

မိခင်သို့ ဦးညွှတ်အလေးပြုပါ၏

အို...ချစ်သောမိခင် မိခင်အား ဦးညွှတ်အလေးပြုပါ၏။
ရွှေငွေကျောက်သံပတ္တမြား၊ ဆန်ရေစပါး၊ ကျွန်းသစ်
အစရှိသောရတနာတို့ဖြင့်
ကြွယ်ဝချမ်းသာသော
မိခင်၏ သယံဇာတပစ္စည်းတို့ကား၊
ပြိုင်ဘက် ကင်းနေပါ၏။
အို ... မိခင်– ရန်သူတို့၏ ထူးထွေဆန်းပြားသော
လက်နက်မျိုးစုံတို့ဖြင့် ဝိုင်းဝန်းဖျက်ဆီးကြသော်လည်း
အမြဲစိမ်းလန်း စိုပြည်သာယာလျက်ရှိသော
မိခင်၏ သဘာဝအလှကျက်သရေတို့ကား ပျက်စီးဆုံးရှုံး၍ မသွား။
သခ်ါရတည်းဟူသော ပျက်စီးခြင်းတို့၏ သဘောရှိခဲ့သည်ကို
မိခင်သည် မိခင်၏ နုပျိုတင့်ဆန်းခြင်း၊
သုခုမတရားတို့ဟာ ပုဂ္ဂလိက ပစ္စည်းအဖြစ်
သိမ်းပိုက်ထားတော့မည် ထင်နေရပါတော့သည်။
အို... ချစ်သောမိခင်
သူရသတ္တိတို့ဖြင့် ရန်သူကို သေသေကျေကျေ
တိုက်ခိုက်တွန်းလှန်နိုင်သော
သူရဲကောင်းတို့အား မွေးကျွေးနိုင်သော
မိခင်၏ ဂုဏ်ကျေးဇူးများကို
ပညာရှင် ကဝိအဆူဆူတို့က ကမ္ဘာအဝှမ်းကို
သတင်းလွှင့်ကာ ချီးကျူးလျက်ရှိကြပါပြီ။
မိခင်သည် ဆိတ်သုဉ်း ငြိမ်သက်နေသော
နာမ် ရုပ် ခန္ဓာ၏ တည်ရာ
သမာဓိစခန်းမှ ခဏတာခွဲခွာပြီး
ကြားနာစမ်းပါဦးတော့။
အို.... ချစ်သောမိခင်
ဘုရားဂူကျောင်း၊ တန်ဆောင်းပြာသာဒ်တို့ကို မြင်လေတိုင်း
ကျေးဇူးရှင်မိခင်အား သတိရလျက် ရှိနေပါ၏။
မိခင် ချစ်သောမိခင်၏ ထာဝရငြိမ်းချမ်းရေးနှင့်
လွတ်မြောက်ခြင်းတို့အတွက်
အရိုးပင်ကြေကြေ အရေပင်ခန်းစေတော့
ဆံချည်မတွန့်–လက်ရုံးကွန့်ပြီးလျှင်
မိခင်အားထိပါးသော ရန်သူတို့ကို
စွန့်စားကာကွယ်ပါမည်ဟု
ကတိသစ္စာပြုပါ၏ – အိုချစ်သော မိခင်...။
(သီတာ–ရေးသည်)

ကိုးကား
- ၁၉၅၄၊ ၁၉၆၉၊ ၁၉၇၀ ခုနှစ်ထုတ် မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာများ။
- https://myawady.net.mm/node/22319

မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် (၃-၂-၂၀၂၃)ရက်နေ့မှ (၄-၂-၂၀၂၃) ရက်နေ့အထိ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများနှင့် CMP ပစ္စည်းများ တင်ပို့မှုများရှိသည်။

လယ်ယာထွက်ကုန်ပစ္စည်းများမှာ ဝီလောပီနံအမှုန့်၊ ကွမ်းရွက်၊ ငရုတ်၊ ဂေါ်ဖီထုပ်၊ မြေပဲ၊ ဆန်မှုန့်၊ ပြောင်းစေ့၊ ကြက်သွန်နီ၊ ဆန်ကွဲနှင့် မန်ကျည်းသီးတို့ဖြစ်သည်။ ရေထွက်ကုန်ပစ္စည်းများမှာ ပုစွန်၊ ခရု၊ ဂုံး၊ ငါးတီး၊ ငါးရှဉ့်၊ ကဏန်း၊ ငါးခွေးလျှာ၊ ငါးပါးနီ၊ ငါးပိ၊ ငါးဓါးလွယ်၊ အုန်းငါးမုတ်၊ ပင်လယ်ငါးပြေမ၊ ကျောက်ငါး၊ ငါးသလောက်၊ ကကူရံ၊ ငါးမြစ်ချင်း၊ ငါးစည်ဖောင်းတို့ဖြစ်ပြီး CMP တင်ပို့မှုမှာ အမျိုးသား/အမျိုးသမီးဝတ်အထည်အလိပ်များ တင်ပို့လျက်ရှိသည်။

အများပို့ကုန်ပစ္စည်းများအနေဖြင့် ပြောင်းစေ့၊ CMP ၊ ဆန်မှုန့်၊ မြေပဲ၊ ငရုတ်၊ ကြက်သွန်နီ၊ ဆန်ကွဲ၊ ငါးပိ၊ ရေထွက်၊ ဝီလောပီနံအမှုန့်၊ စက္ကူဖြတ်စ၊ ဂေါ်ဖီထုပ်၊ မန်ကျည်းသီး၊ စတီးချောင်း၊ အထည်အလိပ်/ အိတ်နှင့် အခြားကုန်ပစ္စည်းတို့ဖြစ်သည်။ ယခုအခါ ထိုင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်းကြောင့် စားသောက်ကုန်လုပ်ငန်းများတွင် ကျယ်စွာအသုံးပြုလာခြင်းနှင့် စားသောက်ဆိုင်များတွင် အသုံးပြုရန်လိုအပ်ခြင်းကြောင့် ဝယ်လိုအားမြင့်တက်နေ၍ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

အများဆုံးပို့ကုန်ပစ္စည်းများဖြစ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ငရုတ်၊ ဂေါ်ဖီထုပ်တို့ကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ အလှကုန်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဓာတ်မြေသြဇာ၊ ငါးဖမ်းကိရိယာ၊ စားသောက်ကုန်၊ ဖိနပ်၊ သစ်သီး၊ Garment ၊ အိမ်သုံးပစ္စည်း၊ ဖိနပ်ကုန်ကြမ်းပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ အိမ်သုတ်ဆေး၊ ပေါလစ်၊ စက်ဆီ၊ ချောဆီ၊ ပါကင်ထုပ်ပိုးပစ္စည်း၊ လူသုံးပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ လယ်ထွန်စက်၊ စာရေးကိရိယာနှင့် အားကစားပစ္စည်းတို့ တင်သွင်းလျက်ရှိသည်။

အများဆုံးသွင်းကုန်ပစ္စည်းများမှာ ဆိုင်ကယ်အပိုပစ္စည်း၊ စာရေးကိရိယာ၊ ဆေး၊ အဝတ်အထည်၊ တိရစ္ဆာန်အစာ၊ Garment ၊ စက်ရုံသုံးပစ္စည်း၊ စားသောက်ကုန်၊ အိမ်သုံးပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်း၊ အလှကုန်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ထုပ်ပိုးပစ္စည်း၊ အိမ်သုတ်ဆေး၊ သစ်သီး၊ စက်ဘီး၊ ကားအပိုပစ္စည်း၊ လယ်ယာသုံးပစ္စည်း၊ ဖိနပ်နှင့် ဖိနပ်ကုန်ကြမ်းပစ္စည်း၊ ဓာတ်မြေသြဇာ၊ စက်နှင့် စက်အပိုပစ္စည်း၊ LPG နှင့် အခြားကုန်ပစ္စည်းတို့ဖြစ်သည်။

(၅-၁-၂၀၂၃) ရက်နေ့မှစ၍ ကုန်သွယ်မှုလမ်းကြောင်း ပုံမှန်ဖြစ်ပေါ်လာပြီး တင်သွင်းဆောင်ရွက်မှုများ ရှိလာသည်။ ငွေစျေးနှုန်းအနေဖြင့် ယခင်အပတ်ကတစ်ဘတ်လျှင် ၈၆ ဒသမ ၉၅ ကျပ်အထိရှိခဲ့ပြီး ယခုအပတ်တွင် ငွေကျပ် ၈၆ ဒသမ ၂၀ ခန့်အထိ အနည်းငယ်ကျလာသဖြင့် သွင်းကုန်များ ပိုမိုတင်သွင်းလျက်ရှိကြောင်း သတင်းရရှိသည်။

တောင်ငူမြို့နယ်အတွင်းရှိ နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ကျေးရွာအုပ်စု ၂၁ အုပ်စုမှ တောင်သူ လယ်သမား ၉၃၉ ဦး တို့သည် ဆောင်းနေကြာများကို စိုက်ပျိုးလျက်ရှိရာ နေကြာသီးသန့် ၄၁၈ ဧက၊ သီးညှပ်ဧက ၃၃၂၀၊ စုစုပေါင်း ဆောင်းနေကြာ ၃၇၃၈ ဧက စိုက်ပျိုးထားကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းဇယားများအရ သိရသည်။

စစ်တောင်းမြစ်သည် တောင်ငူမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသောကြောင့် ဆောင်းရာသီမြစ်ရေကျချိန်၌ စစ်တောင်းမြစ်ကမ်းရိုး ကျေးရွာများ၌ နေကြာကို သီးသန့်စိုက်ခင်းများဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ ဒိုးအင်းကျေးရွာအုပ်စုနှင့် ကရင်ချောင်းကျေးရွာ အုပ်စုများတွင် စိုက်ပျိုးရေးဦးစီးဌာနက နေကြာ မျိုးကောင်းမျိုးသန့်ရရှိရန် ကူညီဆောင်ရွက်ပေးခြင်း၊ သွင်းအားစု ဓာတ်မြေသြဇာများ အား သက်သာသောစျေးနှုန်းများဖြင့် ရောင်းချပေးခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များ၊ ပိုးမွှားကာကွယ်နိုင်သည့် နည်းပညာများ ပေးခြင်းတို့ကြောင့် နေကြာစိုက်တောင်သူများ ပိုမိုများပြားလာကြောင်း သိရသည်။

ဒိုးအင်းကျေးရွာ အုပ်စုတွင် ယခင်နှစ်က ဆောင်းနေကြာ သီးသန့် ရှစ်ဧကနှင့် သီးညှပ် ၅၁ ဧက စိုက်ပျိုးခဲ့ရာမှ ယခုနှစ်တွင် ဆောင်းနေကြာသီးသန့် ၂၃၈ ဧကနှင့် သီးညှပ် ၆၁၈ ဧကအထိ စိုက်ပျိုးလာကြသည်။

တောင်ငူမြို့နယ်တွင် ယခင်နှစ်က ဆောင်းနေကြာ ၁၈၈ ဧကသာ စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ၃၇၃၈ ဧကအထိ စိုက်ပျိုးလာကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ မကြာမီအချိန်တွင် နေကြာသီးနှံများ ရိတ်သိမ်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

DOCA(ပဲခူး)

ဓာတ်တွေကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ယခင်နှစ် ဒီဇင်ဘာလထက် ကုန်သွယ်မှုပိုမိုခဲ့

၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် စစ်တွေကုန်သွယ်ရေးစခန်းမှ ကုန်ပစ္စည်းများ အမှန်တင်ပို့၊ တင်သွင်းဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၂ ဒသမ ၀၀၅ ဒေါ်လာသန်း၊ သွင်းကုန် ၀ ဒသမ ၀၀၁ ဒေါ်လာသန်းနှင့် စုစုပေါင်းကုန်သွယ်မှုပမာဏ ၂ ဒသမ ၀၀၆ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလနှင့် အနီးစပ်ဆုံးကာလ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် စစ်တွေကုန်သွယ်ရေးစခန်းမှ ကုန်ပစ္စည်းများအမှန်တင်ပို့၊ တင်သွင်းဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၁ ဒသမ ၁၈၃ ဒေါ်လာသန်း၊ သွင်းကုန် ၀ ဒသမ ၀၁၅ ဒေါ်လာသန်းနှင့် စုစုပေါင်းကုန်သွယ်မှုပမာဏ ၁ ဒသမ ၁၉၈ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ယခုနှစ် ဇန်နဝါရီလတွင် သွင်းကုန်ပိုင်း၌ ၀ ဒသမ ၀၁၄ ဒေါ်လာသန်း လျော့နည်းခဲ့သော်လည်း ပို့ကုန်ပိုင်းတွင် ၀ ဒသမ ၈၂၂ ဒေါ်လာသန်း ပိုမိုခဲ့သောကြောင့် ကုန်သွယ်မှုပမာဏ ၀ ဒသမ ၈၀၈ ဒေါ်လာသန်း ပိုမိုခဲ့သည်။ ထိုသို့ပိုမိုခဲ့ရခြင်းမှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ယခုလအတွင်း စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနဗ်မြို့ဆိပ်ကမ်းသို့ လယ်ယာထွက်ကုန်ဖြစ်သည့် ဆန်(အဖြူ) တန်ချိန် ၂၅၀၀ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာတစ်သန်းဖိုး တင်ပို့နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးဆောင်ရွက်ရာတွင် စစ်တွေမြို့ ရွှေမင်းဂံဆိပ်ကမ်း၌ သက်ဆိုင်ရာ OSS အဖွဲ့ဝင်ဌာနများ၊ အခြားဆက်စပ်ဌာနများ၊ ကုန်သည်အသင်းတာဝန်ရှိသူများနှင့် ကုန်သည်လုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မောတောင်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း တင်ပို့/တင်သွင်းခဲ့မှု အခြေအနေ

မောတောင်ကုန်သွယ်ရေး စခန်းသည် ထိုင်းနိုင်ငံဘက်သို့ သွင်းကုန်ထက် ပို့ကုန်တင်ပို့မှု ပိုမိုလျက်ရှိသော ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည်။

မောတောင်ကုန်သွယ်ရေး စခန်းအနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂ ဒသမ ၇၅၀၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၇၇ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၂၇ သန်း ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့သည်။

မောတောင် ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလအတွင်း အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ငှက်ပျောသီး၊ ငရုတ်သီး၊ ကြက်သွန်နီ၊ ကွမ်းရွက်၊ ဓနိဖက်၊ ဆီအုန်းကြိတ်ဖတ်နှင့် တံမြက်စည်းတို့ဖြစ်ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ အသီးများ၊ ငါးသေတ္တာဘူးခွံ၊ ငါးစာ၊ အုတ်ကြွပ်ကျောက်ပြားနှင့် ကြွေပြားတို့ဖြစ်သည်။

မောတောင်နယ်စပ်ဒေသ၌ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ နှစ်နိုင်ငံငွေပေးချေမှုအနေဖြင့် ၆-၂-၂၀၂၃ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၁၅၆၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၈၆ ဒသမ ၅၀ ခန့်ရှိပါကြောင်းနှင့် ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ဘတ်ဈေး အနည်းငယ်မြင့်တက်နေကြောင်း သတင်းရရှိသည်။

ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှု အခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစည်ဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်းတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်အထိ ပို့ကုန်တန်ချိန် ၂၁၀၈ တန် သွင်းကုန်တန်ချိန် ၁၂၄ တန်နှင့် စက်သုံးဆီ ၂၅၇၅ စည် ဆောင်ရွက်ခဲ့ပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၃၈ သန်း ဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်၊ ဆီအုန်းတို့ဖြစ်ပြီး၊ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန် ပစ္စည်းများမှာ ဓာတ်ဆီ၊ ဒီဇယ်၊ ပီလောပီနံမှုန့်၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်၊ ဆိုဒီယမ်ကာဗွန်နိတ်ဖြစ်ကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ်တစ်သိန်းလျှင် ဘတ် ၁၁၇၀၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၅ ဒသမ ၅ ကျပ်ခန့်ဖြစ်ကြောင်း သတင်းရရှိသည်။

သန်လျင်ခရိုင် သုံးခွမြို့နယ်၌ ပဲတီစိမ်းများ စတင်ထွက်ပေါ်

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ်ထွက် ပဲတီစိမ်းများ စတင်ထွက်ပေါ်နေကြောင်း၊ ယခုနှစ်တွင် ပဲတီစိမ်း စိုက်ဧက ၁၂၉၉၉၅ ဧကဖြစ်ပြီး ဇန်နဝါရီလ (တတိယပတ်)မှစ၍ ဘုရားကြီးကျေးရွာ၊ ကတုံးပေါ်၊ ဝင်းကြီး၊ နံယော၊ ရေပေါ်ကန်၊ အောင်ပန်းစိန်၊ အလန်းကုန်း၊ ကိုင်းကုန်း၊ လသာကုန်း၊ မကျီးပင်ချောင်စသည့်ကျေးရွာများမှ ပဲတီစိမ်းအနည်းငယ် စတင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းထွက်ရှိမှုအနေဖြင့် ဧက ၁၂၀ ခန့်ရှိကြောင်း တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း (၁၇/၁၈) တင်းခန့် ရှိ၍ ပဲတီစိမ်း တစ်တင်းလျှင် ၆၅၀၀၀ မှ ၆၆၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ထွက်ရှိသော ပဲတီစိမ်းများကို သုံးခွမြို့နယ်ရှိ Bright Light Co.;Ltd မှ စတင်ဝယ်ယူနေပြီဖြစ်ကြောင်း သိရသည်။ ယခင်နှစ် ပဲတီစိမ်း စတင်ထွက်ရှိချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၄၆၂၀၀ ဖြစ်ပြီး ယခုနှစ်ပဲတီစိမ်း စတင်ထွက်ရှိချိန်၌ တစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ မှ ၆၆၀၀၀ ကျပ်ဖြစ်၍ ယခင်နှစ်ထက် စျေးပိုမိုရရှိကြောင်း သတင်းရရှိသည်။

DOCA(ရန်ကုန်)

ဒေသတွင်း စားရေရိုက္ခာဖူလုံပိုလျှံမှုရှိစေရေး တွန်းအားပေးဆောင်ရွက်

ဘားအံ ဖေဖော်ဝါရီ ၆

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန် ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက လှိုင်းဘွဲမြို့နယ် ကမော့ကချူး မွေးမြူဇုန်မှ မွေးမြူရေး တောင်သူများနှင့် တွေ့ဆုံ၍ ဇုန်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **(အောက်ပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကမော့ကချူးကျေးရွာ အုပ်ချုပ်ရေးမှူးရုံးခွဲ မွေးမြူရေး တောင်သူများနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူရေးတောင်သူများ လိုအပ်သည့် မတည်ငွေရင်းများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးလျက်ရှိပြီး အသားငါး ဖူလုံပိုလျှံမှုရှိစေရန် တိုးချဲ့မွေးမြူကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း စားရေရိုက္ခာ ဖူလုံပိုလျှံရေးကို ဦးစားပေးကဏ္ဍတစ်ရပ်အနေ ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တောင်သူများအနေဖြင့် လိုအပ်ချက်များ၊ အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်ဟန်၊ ဘားအံခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် ကမော့ကချူး မွေးမြူဇုန် ကော်မတီဝင်များက ဇုန်အတွင်းမွေးမြူထားရှိသည့် တိရစ္ဆာန်အမျိုးအစား၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူထားရှိမှု အခြေအနေ၊ လမ်း၊ ရေ မီးရရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇုန်အတွင်း ဝက် ၄၆၉ ကောင်၊ ဆိတ် ၁၄၅ ကောင်၊ အသားစားကြက် ၂၀၀၀၊ ဥစားကြက် ၄၅၀၀၀၊ ကြက်ဆင် ၁၃၀၊ နွားအကောင် ၂၀ မွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည် များ မှာကြားကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၂ - ၂၀၂၃

ရွှေ

အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ်	၂၂၀၇၈၀၀
အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ်	၂၂၁၀၀၀၀
ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ	၁၈၇၄
ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ	၁၈၇၆

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၂၇၀ ကျပ်	၂၃၁၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၃၅၀ ကျပ်	၂၃၉၅ ကျပ်
အောက်တိန်း ၉၂	၂၁၃၀ ကျပ်	၂၁၈၀ ကျပ်
အောက်တိန်း ၉၅	၂၁၉၅ ကျပ်	၂၂၄၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၂၁၀၀ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၂၂၆၁ . ၃
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၅၈၄ . ၅
ထိုင်း	တစ်ဘတ်	ကျပ်	၆၂ . ၃၃
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၅၈၉ . ၀
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၉၃ . ၁၉
တရုတ်	တစ်ယွမ်	ကျပ်	၃၀၉ . ၆၀
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၅ . ၃၇၇

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရယ်ယာစောင်ရေ	ရယ်ယာတန်ဖိုး (ကျပ်)
FMI	၈၆၀၀	၈၅၀၀	၄၃၂	၃၆၈၇၀၀၀
MTSH	၃၃၀၀	၃၃၀၀	၅၉၈	၁၉၇၃၆၅၀
MCB	၀	၀	၀	၀
FPB	၂၂၀၀	၂၂၅၀	၅၅၈၉	၁၂၄၉၈၄၀၀
TMH	၀	၀	၀	၀
EFR	၀	၀	၀	၀
AHP	၄၉၀၀	၄၉၀၀	၂၃၄	၁၁၄၆၆၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြားစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۶۷-၃۶၁၄၂၂၊ စာတည်းအဖွဲ့ ၀۶۷-၃۶၁၄၄၅၊ ဖက်စ် ၀۶۷-၃۶၁၄၄၃၊ ရန်ကုန်-ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းဖြို့နယ်၊ ရန်ကုန်ဖြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၃၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀۶۷-၃۶၁၄၄၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈۶၀၄၅۶۶။

MYANMAR Digital News — Presented by NPE — www.mdn.gov.mm

မြန်မာ့အခန်းနှင့်ရုပ်မြင်သံကြား

ဂ-၂-၂၀၂၃ — အင်္ဂါနေ့

MRTV HD

၀၆:၀၀	နိုင်ငံတော်သံယမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့၏ပေတ္တသုတ်၊ ရတနသုတ်၊ တောဗျုဂ်သုတ်၊ အန္တရာယ်ကင်း ပရိတ်တရားတော်
၀၇:၀၀	နံနက်ခင်းသတင်း
၀၈:၃၅	"မြေဦးထောင်စုစိတ်တတ်သနေတည် ပင်လုံပြေ၏ရွမ်းဌာနီ"
၀၉:၁၀	ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၀၉:၂၀	ပြည်ထောင်စုနေ့ဂုဏ်ပြုတေးသီချင်း
၀၉:၃၅	"ရွမ်းကြီးတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးစွဲပုံ"
၀၉:၄၅	Sports Diary
၁၀:၀၀	သတင်းထူးကာသတင်း
၁၀:၁၀	ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၁၁:၁၀	Beasts of Asia (Cambodia)
၁၂:၁၀	မြန်မာဇာတ်လမ်းတွဲ "ဝိန်းကြာဝတ်ဌေတင်ငသာဝရ" (အပိုင်း-၀)
၁၃:၁၀	MRTV National News
၁၄:၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အာမုန်း" (အပိုင်း-၆၁)
၁၅:၀၀	ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၁၆:၄၅	ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် "ချင်းမိုးထုအစားအစာ"
၁၇:၁၀	ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် "တစ်ဆူတုံ့ဆင်းသွေးချင်းတို့ရှိရာ"
၁၈:၀၀	ပြည်တွင်းသတင်း
၁၈:၁၅	ရှုကြည့်စေချင်ရုပ်ရှားနိုင်ငံတစ်ခွင် (အပိုင်း-၂)
၁၉:၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အာမုန်း" (အပိုင်း-၆၄)
၂၀:၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀	သံစဉ်ဝေဖြာစတီရီယိုတေးကဗျာ
၂၂:၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ယုံကြည်ရာလမ်း" (အပိုင်း-၃)

mitv

07:01	Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
07:09	Products of Myanmar - Velvet Slipper
07:22	Inlay Traditional Lotus Fabric
07:35	Dat Taw Gyaik Waterfall
07:38	Exceptional Life Styles of Inle Lake
08:01	News
08:29	History Of Wishfulfilling Mai-Lamu Pagoda
08:47	Sticky Shan Snack
08:53	Art Students: Their Dream
09:02	Discovering Tribes: Tai Khun (or) Gon: their life and customs (Part 1)
09:20	Listening Pleasure, Instrumental Music (Horn Violin) Special Show
09:35	Ancient Historical Kakku Pagoda
09:43	Myanmar Traditional Thatched Roofs: Nipa Palm
10:01	News
10:27	Goldsmith
10:32	A Tea Business Pankwan (Part-1)
10:43	Shan Novices To Be

MRTV NRC

ချင်း(လိုင်ဇိုး) (၆:၀၀) မှ (၇:၀၀) ချင်းရိုးရာအမဲအူပြောင်းဖူးပြုတ်	**ကချင် (၁၆:၀၀ မှ ၁၈:၀၀)** ကချင်ရိုးရာတဆေးနှင့်ဝေါင်ရည်ပြုလုပ်ပုံ
ချင်း(ချိုး) (၇:၀၀) မှ (၈:၀၀) ရှားပါးလာသောရိုးရာတောင်းရက်လုပ်ခြင်း	**ကယား (၁၈:၀၀ မှ ၂၀:၀၀)** ဝိုးသားတိမ်ထုအောက်တလွိုင်နန်းဗဟောင်အလှ
မွန် (၈:၀၀) မှ (၁၀:၀၀) ဗုဒ္ဓမြို့သို့အလည်တစ်ခေါက်ဘင်လိုင်ဘုရား	**ဝေကကရင် (၂၀:၀၀ မှ ၂၁:၀၀)** တောင်ငပါသူလေးရိုးရာဟင်းလျာ
ရခိုင် (၁၀:၀၀) မှ (၁၂:၀၀) မျိုးဝုဂ်တင့်စေယဉ်ကျေးမှုအမွေ(အပိုင်း-၁)	**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)** အလှဖြာဝေဖားစည်မြေ
ရှမ်း (၁၂:၀၀) မှ (၁၄:၀၀) ဇော်ဘွားကြီးစစ်ရှေ့သိုက်နှင့်ညောင်ရှွေဟော်နန်းသမိုင်း ကရင်တိုင်းရင်းသားတို့ရဲ့ဂန်ပေါင်ဟင်းလျာ	**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
၀ (၁၄:၀၀ မှ ၁၆:၀၀) ဝက်သားပဲပြုတ်ဟင်းချက်နည်း	

MRTV NEWS

၀၆:၀၀	အဖွင့်၊ တေးသီချင်း
၀၆:၄၀	အားကစားသတင်း
၀۶:၁၀	နိုင်ငံတကာသတင်း(LIVE)
၀۶:၄၅	ကြည်ရှုစေချင်ရုပ်ရှားနိုင်ငံတစ်ခွင် (အပိုင်း-၅)
၀۷:၀၀	ပြည်တွင်းသတင်း (LIVE)
၀۷:၁၀	နိုင်ငံတကာသတင်း (LIVE)
၀۷:၄၅	"ECONOMIC REVIEW" (Part-19) (ဆုံးရှုံးနိုင်ငြေကိုစီမံခန့်ခွဲခြင်း)
၁၀:၁၅	ပြည်ထောင်စုစိတ်ဓါတ်သနေတည် ပင်လုံပြေ၏ရှမ်းဌာနီ
၁၁:၀၀	ပြည်တွင်းသတင်း (LIVE)
၁၂:၁၀	နိုင်ငံတကာသတင်း(LIVE)
၁၃:၀၀	MRTV National News
၁၆:၀၀	သတင်းမှန်ကဏ္ဍ(LIVE)

MRTV PARLIAMENT

၀۶:၀၀	အဖွင့်အာလံ
၀۶:၁၀	ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ကွက်လစ်ဖြည့်ပါ"
၁၀:၀၀	ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၁၀	ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
၁၁:၀၀	တရားရုံးကဦးဆောင်သည့် ဇေ့စပ်ငြေရှင်းရေးစနစ်
၁၁:၁၀	"အင်တွေးအမြင်" (အပိုင်း-၇)

MRTV FARMERS'

၀۶:၀၀	အဖွင့်၊ နိုင်ငံတော်သီချင်း၊ နွားတံခွန်းဆက်
၀۶:၀၂	တောင်သူလယ်သမားရေးရာသတင်း
၀۶:၄၀	အာဟာရနေ့စဉ်ပြည့်စုံကာ သဘာဝဆေးကောင်းတစ်လက်
၀۷:၁၅	ဆန်အရည်အသွေးနှင့်စားသုံးမှု အရည်အသွေးတို့အား တောင်သူများ ပူးပေါင်းပါဝင်လေ့လာအကဲဖြတ်ခြင်း
၀۷:၅၀	တောင်သူဘဝသုတကဏ္ဍ
၀۸:၂၀	အနာဂတ်ဝင်ငွေတိုးစေဖို့ မျိုးကောင်းသရက်စိုက်ကြစို့
၀۸:၅၀	ကြာလမိုင်းစနစ်တကျစိုက်ပျိုးပါက တောင်သူအတွက်အကျိုးများ

MRTV SPORTS

၀۶:၀၀	အဖွင့်
၀۶:၁၀	အင်ဂြပ်အားကစားနည်းစနစ်များ
၀۷:၀၀	Sports News
၀۷:၁၀	Soccer View/ Weekly Sports Info/ Sports Diary
၀۷:۶၅	အားကစားလောကထဲကသူတို့အကြောင်း
၀۸:၀၀	မြန်လည်ပံ့စားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀	ပြည်တွင်းသတင်း

Education Channel — ကို ဇနေ့တနင်္ဂနေ့မှစာ၀ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးသွားကာရှိပါသည်။

SCAN ME — www.mrtv.gov.mm — t.me/mrtvnews — twitter.com/mrtvwebportal

သဘာဝအလှနှင့် ဇီဝမျိုးစုံ မျိုးကွဲများ စုံလင်ရာ အာဆီယံ အမွေအနှစ် အင်းလေးကန် ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းပေး

မောင်မော်(သတ္တဗေဒ)

(ယမန်နေ့မှအဆက်)

အင်းလေးဒေသရှိ ငှက်များ၏ အလေ့အထ

ငှက်များ၏ သဘာဝကို လေ့လာရာတွင် စင်ရော်ငှက်များသည် ခန့်မှန်း မွန်ဂိုလီးယားဘက်မှ အောက်တိုဘာလတွင် ဆောင်းခိုရန်အတွက် အင်းလေးဒေသသို့ စတင်ဝင်ရောက်လာပြီး မတ်လ။ မိုးဦးကျချိန်တွင် ပြန်လည်ဆုတ်ခွာသွားကြောင်း သိရသည်။ အင်းထဲသို့ ဝင်ရောက် နေထိုင်ချိန်တွင် ခရီးသွား စက်လှေများ၏ ဘေးတွင်လိုက်ပါ၍ အစာတောင်းလေ့ ရှိကြသည်။ ၂၀၂၀ ပြည့်နှစ် ကိုဗစ်ရောဂါ ဖြစ်ပွားသည့်ကာလက ခရီးသွားဧည့်သည်များ ဝင်ရောက်မှု နည်းပါးနေချိန်တွင် စင်ရော်ငှက်များကို တွေ့ရှိရမှု နည်းပါးလာကြောင်း သိရသည်။ အစားကျွေးမှု နည်းပါးသဖြင့် သဘာဝမှအစာများ ရှာဖွေစားသောက်ကြကြောင်း သိရသည်။

အင်းလေးကန်အတွင်း ယခင်က ကြိုးကြာငှက်များကို ခန့်မှန်း ၁၉၉၇/၁၉၉၈ ခုနှစ်လောက်တွင် ညောင်ရွှေ၊ ရွှေညောင်ကားလမ်းဘေးနဒီကန်၊ သာစည်ကန် တစ်ဝိုက်တွင် ၁၂ ကောင်အုပ်စုကို တွေ့ရှိရသော်လည်း နောက်ပိုင်း ၎င်းတို့စားကျက်နေရာရှားပါးပြီး လူနေအိမ်ခြေထူထပ်လာသောကြောင့် ယခုအခါ ရံဖန်ရံခါမှသာ နှစ်ကောင် ခန့်သာ တွေ့ရှိရကြောင်း သိရသည်။

ယခင်က ခရုစုပ်ငှက်များ တွေ့ရှိရပြီး လယ်ကွင်းများ ရေလွှမ်းချိန်တွင် ခရုများ မတွေ့ရှိရ၍ ငှက်များလာရောက်မှု နည်းပါးပြီး ၂၀၁၀ ပြည့်နှစ် ရေနည်းပါး၍ ခရုများ ပေါ်ပေါက်လာချိန်တွင် ခရုစုပ်ငှက်များမှ အစာရှိရာသို့ ရှာဖွေစားသောက်ရန် ပြန်လည်ရောက်လာကြောင်း သိရသည်။

အင်းလေးကန်တွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ ငှက်ကြည့်စင်တစ်ခုကို အင်းလေးကန်၌ တည်ဆောက်ထားခဲ့သည်။

အင်းလေကန် တစ်ဝိုက်တွင် ယခင်က ဖျံများ၊ လိပ်များ၊ နွေတိုက်သတ္တဝါများကို စုံလင်စွာ တွေ့ရှိရသော်လည်း ယခုအချိန်တွင် လျှောနည်းလာရခြင်းမှာ လူနေအဆောက်အအုံများ ထူထပ်လာခြင်း၊ အမဲလိုက်၍ တရားမဝင် ဖမ်းဆီးခြင်းကြောင့် ကောင်ရေလျှော့နည်း ပျောက်ကွယ် လာရကြောင်း သိရသည်။

သစ်တောဦးစီးဌာနသည် အင်းလေးကန်အပါအဝင် ဆက်စပ်ရေတိမ်ဒေသကို ၁၉၈၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သတ်မှတ်၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားသည်။ အင်းလေးကန်အတွင်း တွေ့ကြုံနေရသော သဘာဝဝန်းကျင်ဆိုင်ရာ ပြဿနာများကို အကျဉ်းချုပ်တင်ပြရပါလျှင် -

(က) နုန်းပို့မှုဖြစ်စဉ်

(ခ) ရေအရည်အသွေးဆိုင်ရာယိုယွင်းပျက်စီးမှု

(ဂ) နေရင်းဒေသများ ယိုယွင်းပျက်စီးမှု

(ဃ) ဒေသရင်း မဟုတ်သော ငါးမျိုးများ ပျံ့နှံ့ရောက်ရှိမှု

(င) အသံဆူညံမှုတို့ဖြစ်ကြသည်။

ဤသဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများသည် တစ်ခုနှင့် တစ်ခု ဆက်နွယ်မှုရှိကြသည်။ နုန်းပို့ချမှုကြောင့် ရေအရည်အသွေး ထိခိုက်ခြင်း၊ နေရင်းဒေသများ ယိုယွင်းပျက်စီးလာခြင်းနှင့် ရေအရည်အသွေးဆိုင်ရာ ယိုယွင်းမှုများကြောင့် နေရင်းဒေသများ ပျက်စီးယိုယွင်းလာခြင်း၊ ထို့အတူ နေရင်းဒေသများ ပျက်စီးလာမှုကြောင့် ရေအရည်အသွေးဆိုင်ရာ ယိုယွင်းမှုများ ဖြစ်ပေါ်လာရတတ်သည်။

အင်းလေးဖောင်တော်ဦးစေတီတော်ကို ရေလမ်းခရီးဖြင့် ပင့်ဆောင်လာစဉ်။

ဂေဟစနစ်တိုင်း၌ ယိုယွင်းပျက်စီးလာမှုများကို သဘာဝအလျောက် ထိန်းညှိပေးနိုင်စွမ်းရှိကြသော်လည်း အဆိုပါ စွမ်းအားထက် ပိုမိုလာပါက ဂေဟစနစ်သည် တစ်စထက်တစ်စ ပိုမိုယိုယွင်းပျက်သုဉ်းသွားနိုင်သည်။

အင်းလေးကန်နှင့် အင်းလေးကန် ရေဝေရေလဲ ဒေသပျက်စီးလာရသော အကြောင်းအရင်း

(က) သဘာဝအရင်းအမြစ်များကို အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း။

(ခ) မှန်ကန်မှုမရှိသည့် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးလုပ်ကိုင်သည့် အလေ့အကျင့် တည်ရှိနေခြင်း။

(ဂ) ရာသီဥတု သဘာဝပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပေါ်လာခြင်း။

(ဃ) ရေဝေရေလဲဧရိယာအတွင်းရှိတောင်စောင်းနှင့်တောင်ကုန်းများတွင် သစ်တောပြုန်းတီးမှုကြောင့် မြေဆီလွှာ အကာအကွယ်မဲ့ပြီး ရေ၊ လေ တိုက်စားခြင်း ပိုမိုခြင်း။

(င) အင်းလေးကန်နှင့် ရေဝေရေလဲ ဒေသအတွင်း လူဦးရေ တိုးပွားလာသည်နှင့်အမျှ ထင်းလောင်စာ လိုအပ်ချက် မြင့်မားလာပြီး သစ်တောသစ်ပင်ခုတ်ထွင်သုံးစွဲမှု များပြားလာခြင်း။

(စ) လူဦးရေ တိုးပွားလာခြင်းကြောင့် လူနေအိမ်များ၊ စိုက်ပျိုးမြေများသည် ကန်ဧရိယာ နယ်နိမိတ်အတွင်းသို့ တစ်စတစ်စ ကျူးကျော်ဝင်ရောက်လာသဖြင့် ကန်ရေပြင်ဧရိယာ လျော့နည်းလာခြင်း။

(ဆ) ကန်အတွင်းသို့ အမှိုက်သရိုက်နှင့် ညစ်ညမ်းစေသော ပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ကြခြင်း။

(ဇ) ကန်ရေအောက်ကြမ်းပြင်၏ ရေညို၊ ရေမှော်များနှင့် ရေပြင်ပေါ်တွင် ဗေဒါ၊ ရေမှော်နှင့် အမှိုက်သရိုက်များ တစ်နေ့တခြား တိုးပွားလာသဖြင့် အနည်ထိုင်ရာမှ ကန်ရေတိမ်ကောမှုဖြစ်လာခြင်း။

(စျ) နွေစပါးစိုက်ပျိုးရန်အတွက် အင်းလေးကန်အတွင်းသို့ စီးဝင်သည့် ချောင်းများမှ ရေထုတ်ယူသုံးစွဲခြင်း။

(ည) ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ စျေးဆိုင်များ၊ အိမ်တွင်းစက်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများနှင့် အညစ်အကြေးများ စည်းကမ်းမဲ့ စွန့်ပစ်ခြင်း၊ စနစ်တကျ သန့်စင်သည့်စနစ်များ မရှိခြင်း။

အင်းလေးကန် တိမ်ကော ပျက်စီးလာခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆိုးကျိုးများ

(က) မြေဆီလွှာတိုက်စား ပြုန်းတီးသဖြင့် စိုက်ပျိုးနိုင်သည့် ဧရိယာများ လျော့နည်းလာခြင်း၊ သီးနှံထွက်နှုန်း ကျဆင်းလာခြင်း။

(ခ) ရေခြံစိုက်ပျိုးသည့် ကျွန်းမျောများမှ ရေနည်းလာမှုကြောင့် စိုက်ပျိုး၍မရနိုင်သည့် ကျွန်းသေများအဖြစ် ပြောင်းလဲသွားနိုင်ခြင်း။

(ဂ) ဒေသခံပြည်သူများ အဓိကအသုံးပြုသော ရေလမ်းကြောင်းများ ကျဉ်းမြောင်းတိမ်ကောလာသဖြင့် လှေ၊မော်တော်များ သွားလာရန် ခက်ခဲပြီး ဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုကို ထိခိုက်စေခြင်း။

(ဃ) ရှင်သန်ပေါက်ပွားနေသည့် ငါးမျိုးရင်း၊ ငါးမျိုးစိတ်များ လျော့နည်းလာခြင်းဖြင့် အင်းသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်သော ငါးဖမ်းလုပ်ငန်းကို ထိခိုက်စေနိုင်ခြင်း။

(င) ကျွဲ၊နွားများ၏ စားကျက်မြေ ဧရိယာ လျော့နည်းစေနိုင်ခြင်း။

(စ) သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများကို ထိခိုက်စေနိုင်ခြင်း။

(ဆ) နွေရာသီတွင် စိမ့်စမ်းများ ခန်းခြောက်ပြီး ရေရှားပါးလာနိုင်ခြင်း။

(ဇ) မိုးသည်းထန်စွာ ရွာသွန်းလျှင် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ခြင်း။

(စျ) မြေအောက်ရေလွှာ နိမ့်ကျလာနိုင်ခြင်း။

(ည) ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်နိုင်ခြင်း။

(ဋ) ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုများ ဆုံးရှုံးကာ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်ရှင် ရပ်တည်မှုကို ထိခိုက်လာစေနိုင်ခြင်းတို့ ဖြစ်ပါသည်။

စာမျက်နှာ ၂၁ သို့

✳ ငှက်များ၏ သဘာဝကိုလေ့လာရာတွင် စင်ရော်ငှက်များသည် ခန့်မှန်း မွန်ဂိုလီးယားဘက်မှ အောက်တိုဘာလတွင် ဆောင်းခိုရန်အတွက် အင်းလေးဒေသသို့ စတင်ဝင်ရောက်လာပြီး မတ်လ။ မိုးဦးကျချိန်တွင် ပြန်လည်ဆုတ်ခွာသွားကြောင်း သိရသည်။ အင်းထဲသို့ ဝင်ရောက်နေထိုင်ချိန်တွင် ခရီးသွားစက်လှေများ၏ ဘေးတွင်လိုက်ပါ၍ အစာတောင်းလေ့ရှိ

✳ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်မှုရှိကြသည်။ နုန်းပို့ချမှုကြောင့် ရေအရည်အသွေးထိခိုက်ခြင်း၊ နေရင်းဒေသများ ယိုယွင်းပျက်စီးလာခြင်းနှင့် ရေအရည်အသွေးဆိုင်ရာ ယိုယွင်းမှုများကြောင့် နေရင်းဒေသများ ပျက်စီးယိုယွင်းလာခြင်း၊ ထို့အတူ နေရင်းဒေသများ ပျက်စီးလာမှုကြောင့် ရေအရည်အသွေးဆိုင်ရာ ယိုယွင်းမှုများ ဖြစ်ပေါ်လာရတတ်

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်ကွန်ကရစ်လမ်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၆

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်ဘီမြို့နယ်အတွင်း ကျေးလက်ကွန်ကရစ်လမ်းဖွင့်ပွဲနှင့် ကုန်ထုတ်ဂဝံမြေသားလမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါလမ်းများ၏ ယာယီမဏ္ဍပ်များ၌ ကျင်းပရာ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးဇော်ဝင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီ အစိုးရအဖွဲ့၏ ငွေလုံး ငွေရင်းဘဏ္ဍာရန်ပုံငွေဖြင့် တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် မြောင်းတကာ ကျေးရွာအုပ်စု မြောင်းတကာ–ရွာသစ်ကုန်း–နှင်းဆီမြိုင် ကျေးရွာချင်းဆက်လမ်းအရှည်ပေ ၄၈၀၀ ၊ အကျယ် ၁၂ ပေ၊ ထုခုနှစ်လက်မရှိ ကွန်ကရစ်လမ်းဖွင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ဇော်ကယခင်မြေသားလမ်းကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကျေးလက်ထုတ်ကုန်များအား ကျေးလက်လမ်းကွန်ရက်များကို အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်ရေးနှင့် ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နှင်းဆီမြိုင်ကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်တို့နှင့်အတူ လမ်းကိုဖြတ်သန်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

ကာလိမြို့၌ လူငယ်စကားဝိုင်းပြုလုပ်

ကာလိ ဖေဖော်ဝါရီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များ အသိပညာ ဗဟုသုတများရရှိစေရေး၊ ဉာဏ်ပညာ မြင့်မားရေး၊ ကိုယ်ရည်ကိုယ်သွေးမြင့်မား ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လူငယ်စကားဝိုင်းကို ကာလိမြို့ အ.ထ.က ကျောင်း၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ထင်ထင်ကျော်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဇေဒသမတန်းမှ မနန်းလောင်တစ်လောင်က လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒသမတန်းမှ မောင်သူရထွန်းက လူငယ်နှင့် ဘဝရည်မှန်းချက် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မနန်းစံလှိုင်းက လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်စိုင်းဖွန်ထောင်းတစ်က လူငယ်နှင့် ဝါသနာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်စိုင်းအောင်အောင်က လူငယ်နှင့် ကိုယ့်ကျင့်တရား ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထင်ထင်(ပြန်/ဆက်)

သနပ်ပင်မြို့နယ်၌ အသက်နှစ်လမှတစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး

သနပ်ပင် ဖေဖော်ဝါရီ ၆

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ အသက်နှစ်လမှ အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ထိုးနှံကြောင်း သိရသည်။

ပုံမှန်ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမများက အသက်နှစ်လမှ အသက်တစ်နှစ်ခွဲကလေးငယ်များအား ကြက်ညှာချောင်းဆိုး၊ ဆုံဆို့နာ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ အသည်းရောင်းအသားဝါ(ဘီ)စသည့် ငါးမျိုးစပ်ကာကွယ်ဆေးထိုးနှံခြင်း၊ ဆေးတိုက်ခြင်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းကို မြို့နယ်ပြည်သူ့ဆေးရုံ၊ ရပ်ကွက်၊ကျေးရွာများရှိ ကျန်းမာရေးဆေးခန်းများတွင် လစဉ်လဆန်းရက်မှစတင်၍ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှမိုး(ပြန်/ဆက်)

စာမျက်နှာ ၂၀ မှ

အင်းလေးကန်နှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာများ

အင်းလေးကန်သည် ထူးခြားထင်ရှားသည့် အချက်များစွာဖြင့် ထင်ရှားကျော်ကြားနေခြင်းဖြစ်သည်။ အင်းလေးကန်၏ ထူးခြားထင်ရှားသော ဝိသေသလက္ခဏာများစွာအနက်မှ အချို့ သိသင့်သိထိုက်သည့်အချက်များကို အောက်ပါအတိုင်း လေ့လာမှတ်သားရပါသည်–

(က) မြင့်မားသည့် တောင်တန်းများပေါ်တွင် တည်ရှိနေခြင်း
(ခ) ထုံးကျောက်တောင်တန်းများအကြားတွင် တည်ရှိနေခြင်း
(ဂ) သဘာဝအရ ရေတားကျောက်တန်းများ တည်ရှိနေခြင်း
(ဃ) ရှေးဟောင်းကန်ဖြစ်ခြင်း
(င) ကန်အတွင်း လူသားမျိုးနွယ်စု တစ်စုမှ အခြေချနေထိုင်ခြင်း
(စ) သဘာဝအရဖြစ်တည်နေသည့် ကျွန်းမျောများကို အခြေခံလျက် စိုက်ပျိုးလုပ်ကိုင်နေထိုင်ကြခြင်း
(ဆ) ယဉ်ကျေးမှုဆိုင်ရာနှင့် လူ့သမိုင်းဆိုင်ရာအဆင့် မြင့်မားစွာ တည်ရှိနေခြင်း
(ဇ) တစ်ရွာလျှင် ထုတ်ကုန်တစ်မျိုးဖြင့် နေထိုင်လုပ်ကိုင်ကြခြင်း
(စျ) ထူးခြားထင်ရှားသည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံ၊ စေတီပုထိုး၊ ဘုရား ကျောင်းကန်များ တည်ရှိနေခြင်း (ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ၊ ရွှေအင်းတိန်ဘုရား၊ တောင်တိုဘုရား၊ အလိုတော်ပေါက်ဘုရား၊ သာခေါင်မွေတော်ဘုရား၊ ငါးဖယ်ချောင်းကျောင်း၊ ရွှေရင်ပြေကျောင်း)
(ည) ရှားပါး၍ မျိုးသုဉ်းလုနီးပါးအခြေအနေနှင့် ရင်ဆိုင်နေရသည့် ဒေသမျိုးရင်း ရေနေသတ္တဝါများ တည်ရှိနေခြင်းနှင့် ဆောင်းခိုငှက်များ ပျံသန်းနားခိုရာ ဒေသဖြစ်ခြင်း

နိုင်ငံတကာကအသိအမှတ်ပြု အလေးပေး ထိန်းသိမ်းရမည့် ကန်ဖြစ်ခြင်း

အင်းလေးကန်ကို ၂၀၀၅ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် လူသားနှင့်ဇီဝအဝန်းနယ်မြေ (UNESCO– Man and Biosphere Reserve) အဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ၁၉ ခုမြောက် ရမ်ဆာရေဝပ်ဒေသ (Ramsar Site) အဖြစ်လည်းကောင်း၊ နိုင်ငံတကာက အသိအမှတ်ပြု အလေးပေး ထိန်းသိမ်းရမည့်ကန်အဖြစ် သတ်မှတ်ခဲ့ကြသည်။သို့ဖြစ်ရာ အင်းလေးကန် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာက စံသတ်မှတ်ချက်များကိုလည်း အလေးထားလိုက်နာ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ နိုင်ငံတကာက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ် International Convention များတွင် ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ထိုးထားပြီးဖြစ်ရာ အဆိုပါ လုပ်ငန်းစဉ်များကို သိရှိထားရန် လိုအပ်လျက် လက်တွေ့လိုက်နာကျင့်သုံး ဆောင်ရွက်သွားရမည်ဖြစ်သည်။

အင်းလေးကန်ရှိ ဒေသခံများသည် ကန်ပေါ်/ အနီးတွင် နေထိုင်ကြ၍ စားဝတ်နေရေးအတွက် အင်းလေးကန်ကို အပြည့်အဝမှီခိုအားထားလျက်ရှိသည်။ အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းသည် ကန်ပေါ်မှီခို အသက်မွေးဝမ်းကျောင်းပြုသော လူသားမျိုးနွယ် ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းခြင်းပင်ဖြစ်သည်။

ကျွန်းမျောများအပေါ်တွင် စိုက်ပျိုးကြ၍ ဒေသနှင့် ကိုက်ညီသော ပိုးမွှားဒဏ်ခံနိုင်ရည်ရှိသော လူနှင့် ရေနေသတ္တဝါများကို ထိခိုက်မှုမရှိသော စိုက်ပျိုးရေးလုပ်ငန်းသုံး မျိုးများ အဓိကလိုအပ်ကြောင်း တွေ့ရသည်။

အင်းလေးကန်၏ သက်တမ်းသည် နှစ်သန်းပေါင်းများစွာရှိပြီး များစွာသော မျိုးစိတ်များ ပေါက်ပွားကြီးထွားခဲ့ပြီးသော ကမ္ဘာပေါ်တွင် မည့်သည့်နေရာမှ မတွေ့ရှိနိုင်သောနေရာဖြစ်သည်။ ထူးခြားသော ဇီဝမျိုးနွယ်စု၊ မျိုးကွဲများသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ဂေဟစနစ်နှင့် ပတ်ဝန်းကျင်ကို ဖန်တီးခဲ့သည်။ UNESCO က ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ထားသော အင်းလေးကန်၏ ရေရှည်တည်တံ့စေရေးအတွက် ယခင်စော်ဘွားကြီးများ လက်ထက်မှစ၍ အစိုးရအဆက်ဆက်တို့တွင် နည်းလမ်းမျိုးစုံဖြင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း တွေ့ရသည်။

စာရေးသူသည် အင်းလေးကန်ကို ကျောင်းသားဘဝ၊ ဌာနဆိုင်ရာ ဝန်ထမ်းဘဝတို့တွင် အခေါက်ခေါက်အခါခါ ရောက်ခဲ့ရသည်။ အငြိမ်းစားယူပြီးချိန် ထပ်မံသွားရောက်ပြီး အင်းလေးဒေသ၏ ထူးခြားသော အခြေအနေအရပ်ရပ်ကို ရေရှည်တည်တံ့ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်နေသော ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံရေလုပ်သားများနှင့် တွေ့ဆုံ၍ လေ့လာတွေ့ရှိချက်များကို တတ်နိုင်သလောက် ရေးသားပြုစုတင်ပြရခြင်းဖြစ်သည်။ အင်းလေးဒေသခံများ၊ ခရီးသွားဧည့်သည်များ၊ ဟိုတယ်လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် အရေးပါလှသော အင်းလေးကန်ကြီး မတိမ်ကောစေရေးအတွက် လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ကာ ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်စေလိုကြောင်း အကြံပြုရေးသားအပ်ပါသည်။ ။

ကိုးကား

(၁) သယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန အင်းလေးကန် ရေဝေရေလဲထိန်းသိမ်းရေးအစီရင်ခံစာ
(၂) သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ၂၀၂၁ အစီရင်ခံစာ
(၃) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ညောင်ရွှေမြို့၏ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးလုပ်ငန်းအစီရင်ခံစာ
(၄) တောင်ကြီးတက္ကသိုလ်၊ သတ္တဗေဒဌာနမှ အင်းလေးကန်တွင်း ကွင်းဆင်းလေ့လာ တွေ့ရှိချက်များ
(၅) ဦးကျော်ကျော်ဦး(အောင်ကျော်ဦးစံ–အင်းလေးချစ်သူ)၏ ကိုယ်ပိုင်မှတ်စုစာတမ်းများ
(၆) မိုင်ယောင်ရွှေ (ခေါ်) ညောင်ရွှေရာဇဝင်တော်ကြီး (အမတ်ထောက်ဦးငြိမ်း)
(၇) ကမ္ဘောဇ ဦးဝရေး ညောင်ရွှေမြို့ သမိုင်းမှတ်တမ်း

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ရာခိုင်နှုန်း

(၆-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၈၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၆၄,၄၂၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၄၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၁၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမိခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာ ကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေး ရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၂-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၇၅	၂၁၂၀	၂၁၁၅	၂၀၈၀	၂၁၂၀	၂၁၄၅	၂၁၃၀	၂၁၀၅	၂၂၀၅	၂၂၂၀	၂၁၁၀	၂၁၂၀	၂၁၆၀	၂၁၆၀	၂၁၆၀	၂၃၉၀	၂၉၀၀
95 Ron	၂၁၄၀	၂၁၉၀	၂၁၈၅	၂၁၄၅	၂၁၈၅	၂၂၁၀	၂၁၉၅	၂၁၇၀	၂၂၇၀	၂၂၈၅	၂၁၈၀	၂၁၉၅	၂၂၂၅	၂၂၂၅	၂၂၂၅	၂၄၅၅	၂၉၈၀
HSD (500 ppm)	၂၁၈၅	၂၂၃၀	၂၂၃၀	၂၁၉၀	၂၂၃၀	၂၂၅၅	၂၂၅၀	၂၂၁၅	၂၃၃၅	၂၃၃၀	၂၂၂၀	၂၂၃၅	၂၂၇၀	၂၂၇၀	၂၂၇၀	၂၅၀၀	၃၅၀၀
HSD (50 ppm)	၂၂၆၅	၂၃၁၀	၂၃၁၀	၂၂၇၀	၂၃၁၀	၂၃၃၅	၂၃၃၀	၂၂၉၅	၂၄၁၅	၂၄၁၀	၂၃၀၀	၂၃၁၅	၂၃၅၀	၂၃၅၀	၂၃၅၀	၂၅၈၀	၃၅၃၀
HSD (10 ppm)	၂၂၆၅	၂၃၁၀	၂၃၁၀	၂၂၇၀	၂၃၁၀	၂၃၃၅	၂၃၃၀	၂၂၉၅	၂၄၁၅	၂၄၁၀	၂၃၀၀	၂၃၁၅	၂၃၅၀	၂၃၅၀	၂၃၅၀	၂၅၈၀	၃၅၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၆၆	၂၀၃၉
95 Ron	၂၀၂၉	၂၁၀၄
HSD (500 ppm)	၂၀၇၆	၂၁၄၇
HSD (50 ppm)	၂၁၅၀	၂၂၂၃
HSD (10 ppm)	၂၁၅၀	၂၂၂၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဆီးရီးယားနှင့် တူကီယဲတောင်ပိုင်း၌ အင်အားပြင်းငလျင်များလှုပ် ၂၃၀၀ ကျော် သေဆုံးပြီး ၁၀၀၀၀ ကျော် ဒဏ်ရာရ

ဒမတ်စကတ် ဖေဖော်ဝါရီ ၆

ဖေဖော်ဝါရီ ၆ ရက် အစောပိုင်းက ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခု ဆီးရီးယားနှင့် တူကီယဲသမ္မတနိုင်ငံတို့၌ လှုပ်ခတ်ခဲ့ရာ လူပေါင်း ၂၃၀၀ ကျော် သေဆုံးပြီး ၁၀၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဆီးရီးယားနိုင်ငံအတွင်း အနည်းဆုံး ၈၂၀ သေဆုံးပြီး အခြား ၂၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း ဆီးရီးယားကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

သို့သော်လည်း ဝန်ကြီးဌာနက ထုတ်ပြန်သော အသေအပျောက်စာရင်းသည် သူပုန်များ ထိန်းချုပ်ထားသော အိုင်ဒလစ်ပြည်နယ်မှ သေဆုံးသူများ မပါဝင်ကြောင်း၊ အိုင်ဒလစ်နှင့် အလက်ပို ပြည်နယ်တို့၌ ငလျင်လှုပ်မှုကြောင့် ၁၅၀ သေဆုံးကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောသည်။

ဆီးရီးယားအစိုးရက သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ အာဏာပိုင်များနှင့်အတူ ငလျင်ကယ်ဆယ်ရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် ၂၄ နာရီလည်ပတ်နိုင်သော ဗဟိုစင်တာတစ်ခု ထူထောင်လိုက်ကြောင်း နိုင်ငံပိုင်သတင်းဌာနတွင် ဖော်ပြထားသည်။ အဆိုပါ ဗဟိုစင်တာကို ဆီးရီးယားဝန်ကြီးချုပ် ဟူဆိန် အားနက်စ် က ဦးဆောင်သွားမည်ဖြစ်သည်။

ငလျင်ကြောင့် ဆီးရီးယားရှိသမိုင်းဝင်နေရာများ ထိခိုက်မှုရှိခဲ့ကြောင်း ရေးဟောင်းပစ္စည်းနှင့် ပြတိုက်ညွှန်ကြားမှူဦးစီးဌာနက ပြောသည်။ ယခုအကြိမ် လှုပ်ခတ်သော ငလျင်သည် ၁၉၉၅ ခုနှစ်နောက်ပိုင်း အင်အားအပြင်းထန်ဆုံး လှုပ်ခတ်မှုဖြစ်ကြောင်း အမျိုးသားငလျင်ဗဟိုဌာန ညွှန်ကြားရေးမှူးချုပ် ရေ့ဒ်အာမက်ဒ်က ပြောသည်။

အဆိုပါ အင်အားအလွန်ပြင်းထန်သော ငလျင်ဒဏ်ကို လက်ဘနွန်နိုင်ငံတစ်ဝန်း ခံစားခဲ့ရပြီး နောက်ဆက်တွဲ ငလျင်ဒဏ်ဘေးမှ ဘေးကင်းစေရန် အလို့ငှာ လူများသည် ၎င်းတို့၏ ယာဉ်များကို မောင်းကာ အဆောက်အအုံများမှ ဝေးရာသို့ မောင်းထွက်ခဲ့ကြကြောင်း သိရသည်။

တူကီယဲသမ္မတနိုင်ငံ တောင်ပိုင်း၌ ဖေဖော်ဝါရီ ၆ ရက် အစောပိုင်းက ဒုတိယငလျင်အဖြစ် ပြင်းအား ၇ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခဲ့သည်။ ငလျင်များလှုပ်ပြီးနောက် လက်ရှိအချိန်အထိ လူပေါင်း ၁၄၉၈ ဦး သေဆုံးပြီး အခြား ၈၅၀၀ ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အပြင် အဆောက်အအုံ ပေါင်း ၂၈၁၈ ခု ထက်မနည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း

ဆီးရီးယားနိုင်ငံ အလက်ပိုဌ် ငလျင်လှုပ်ပြီးနောက် ကယ်ဆယ်ရေးအဖွဲ့ဝင်များက အသက်ရှင်လွတ်မြောက်သူများကို ဖေဖော်ဝါရီ ၆ ရက်က ရှာဖွေနေစဉ်။

သမ္မတ အာဒိုဂန်က ပြောသည်။ ထို့ပြင် အပျက်အစီးများအောက်မှ လူပေါင်း ၂၄၇၀ ကျော်ကို ကယ်တင်ထားပြီးဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ကယ်ဆယ်ရှာဖွေရေး အဖွဲ့များကိုလည်း ငလျင်သင့်ဒေသများသို့ စေလွှတ်ထားပြီး အမြင့်ဆုံးတပ်လှန့်မှုများ ပြုလုပ်ထားကြောင်း ပြည်ထဲရေး ဝန်ကြီး ဆူလေမန်ဆွိုင်လု က သတင်းထောက်များကို ပြောသည်။ နိုင်ငံတကာ အကူအညီအထောက်အပံ့များပါဝင်သော အဆင့် (၄) သတိပေးမှုကို ပြုလုပ်ထားကြောင်းလည်း ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

ပေါ့ပ်ဘုရင်မ ဘီယွန်းစေး ဂရမ်မီဆု အများဆုံးစံချိန်တင်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၆

ပေါ့ပ်ဘုရင်မ ဘီယွန်းစေးသည် ဖေဖော်ဝါရီ ၅ ရက် ညပိုင်းက ကျင်းပသည့် (၆၅) ကြိမ်မြောက် ဂရမ်မီဆုပေးပွဲတွင် ၎င်း၏ (၃၂) ကြိမ်မြောက် ဂရမ်မီဆုကို ဆွတ်ခူး ပိုင်ဆိုင်ပြီးနောက် အနုပညာရှင်တိုင်း၏ ဂရမ်မီဆု အများဆုံးရရှိသည့် စံချိန်ကို ချိုးဖျက်နိုင်ခဲ့သည်။

ပေါ့ပ်ဘုရင်မ ဘီယွန်းစေး။

ပေါ့ပ်အဆိုတော်ဘီယွန်းစေးသည် အဆိုပါဆုကို အကောင်းဆုံးအကနှင့် အီလက်ထရွန်နစ်တေးဂီတ အယ်လ်ဘမ် "ရေးနစ်ဆန့်စ်" ဖြင့် ဂရမ်မီဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ယခင်က ဆုပေါင်း ၃၁ ဆုရရှိထားသည့် ကွယ်လွန်သူ ဂန္ဓဝင်ဂဲရစ် ဆော့တီ၏စံချိန်ကို ကျော်လွန်သွားခဲ့သည်။ ယခုနှစ် နွေရာသီတွင် ထွက်ရှိလာသည့် ဘီယွန်းစေး၏ "ရေးနစ်ဆန့်စ်" တေးအယ်လ်ဘမ်သည် သူမ၏ သတ္တမမြောက် တစ်ကိုယ်တော်တေးအယ်လ်ဘမ် တစ်ခုဖြစ်ပြီး ဆယ်စုနှစ်တစ်ခု ကျော်အတွင်း အကောင်းဆုံး တေးသီချင်းအဖြစ် ဘီလ်ဘုတ်၏ ထိပ်တန်းသီချင်းများ စာရင်းတွင် နံပါတ် ၁ နေရာသို့ ရောက်ရှိလာခဲ့သည်။

အသက် ၄၁ နှစ်အရွယ် ပေါ့ပ်ဘုရင်မ ဘီယွန်းစေးသည် ဂရမ်မီဆုပေးပွဲ အခမ်းအနားတွင် အကောင်းဆုံးတေးအယ်လ်ဘမ်ဆုနှင့် တစ်နှစ်တာ အကောင်းဆုံး သီချင်းများအပါအဝင် ဆုအများအပြားကို ရရှိခဲ့သည်။ **အေအက်ဖ်ပီ**

ဗမ်ဘီယာအရှေ့ပိုင်းခရိုင်၌ ကာလဝမ်းရောဂါဖြစ်ပွားသူ ၃၆ ဦးအထိ ရှိလာ

လူဆာကာ ဖေဖော်ဝါရီ ၆

ဗမ်ဘီယာနိုင်ငံအရှေ့ပိုင်း ဘတ်ဝီခရိုင်၌ ကာလဝမ်းရောဂါ ကူးစက်ဖြစ်ပွားသူ ၃၆ ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဖေဖော်ဝါရီ ၅ ရက်တွင် ပြောကြားသည်။

၎င်းတို့ထဲတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ရောဂါကူးစက်ဖြစ်ပွားသူသစ် ငါးဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ အဆိုပါရောဂါကြောင့် သေဆုံးသူ တစ်ဦးရှိပြီး လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဆေးရုံမှဆင်းခွင့်ရသူ နှစ်ဦးရှိကြောင်း သိရသည်။

ရေကြောင့်ဖြစ်သောရောဂါကို ထိန်းချုပ်ရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကာလဝမ်းရောဂါ ကာကွယ်ဆေး ၁၅၅၆၇ လုံးကို စီမံထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ **ဆင်ဟွာ**

မွန်ဂိုလီးယားနိုင်ငံ၏ နယ်မြေ ၇၀ ရာခိုင်နှုန်းခန့်၌ ဆီးနှင်းများ ဖုံးလွှမ်း

အူလန်ဘာတာ ဖေဖော်ဝါရီ ၆

မွန်ဂိုလီးယားနိုင်ငံ၏ နယ်မြေ ၇၀ ရာခိုင်နှုန်းခန့်သည် ၆၀ စင်တီမီတာအထူအထိ ဆီးနှင်းများ ဖုံးလွှမ်းနေကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဖေဖော်ဝါရီ ၆ ရက်တွင် ဖော်ပြသည်။

အဆိုပါ အခြေအနေသည် "ဒီဇဒ်"ဟုခေါ်ဆိုသည့် ပြင်းထန်သော ဆောင်းရာသီ ရာသီဥတု၏ အန္တရာယ်ကို တိုးပွားစေကြောင်း နိုင်ငံ၏ အစားအစာ၊ စိုက်ပျိုးရေးနှင့် အသေးစားစက်မှုဝန်ကြီးဌာန၏ အစီရင်ခံစာကို ကိုးကားဖော်ပြထားသည်။

"ဒီဇဒ်"ဆိုသည်မှာ မြေပြင်အေးခဲခြင်း သို့မဟုတ် ဆီးနှင်းများဖုံးလွှမ်းခြင်းကြောင့် တိရစ္ဆာန်အမြောက်အမြား သေဆုံးစေသည် အထိ ပြင်းထန်စွာ အေးခဲသော ဆောင်းရာသီ၏ အဓိပ္ပာယ်ကို ဖော်ပြသည့် မွန်ဂိုလီးယား ဝေါဟာရတစ်ခုဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ တိရစ္ဆာန်မွေးမြူသူများသည် ကျွဲနွားတိရစ္ဆာန်များအတွက် သိုလှောင်ထားသော မြက်ခြောက်နှင့် အစားအစာ စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကုန်ဆုံးသွားပြီဖြစ်ပြီး ယခုနှစ် အစပိုင်းမှစကာ ပြင်းထန်သော ဆောင်းရာသီနှင့် အခြားအကြောင်းများကြောင့် နိုင်ငံအတွင်း ကျွဲနွားတိရစ္ဆာန်ပေါင်း ၂၃၃၀၀၀ ကျော် သေဆုံးခဲ့ကြောင်း ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ဆင်ဟွာ

လာအိုနိုင်ငံ၏ ငွေကြေးဖောင်းပွမှု ၂၃ နှစ်အတွင်း အမြင့်ဆုံးရောက်လာ

ဗီယင်ကျန်း ဖေဖော်ဝါရီ ၆

စွမ်းအင်နှင့် လူသုံးကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာမှုကြောင့် လာအိုနိုင်ငံ၏ ငွေကြေးဖောင်းပွမှုသည် ယခုနှစ် ဖေဖော်ဝါရီလတွင် ၂၃ နှစ်အတွင်း အမြင့်ဆုံးဖြစ်သည့် ၄၀ ဒသမ ၃ ရာခိုင်နှုန်းသို့ မြင့်တက်လာကြောင်း သိရသည်။

စက်သုံးဆီ၊ သဘာဝဓာတ်ငွေ့နှင့် အခြားတင်သွင်းကုန်ပစ္စည်းများ၏ ဈေးနှုန်းမြင့်တက်လာမှုနှင့်အတူ လာအိုကစ်ငွေကြေးတန်ဖိုးကျဆင်းခြင်းက ထိုကဲ့သို့ ငွေကြေးဖောင်းပွမှု အမြင့်ဆုံးရောက်ရှိခြင်း အကြောင်းရင်းများထဲမှ တစ်ခုဖြစ်ကြောင်း ဖေဖော်ဝါရီ ၆ ရက်တွင် လာအိုစာရင်းအင်းဗျူရို၏ ထုတ်ပြန်ချက်အရ သိရသည်။ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဈေးနှုန်းသည် ၄၉ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

စားနပ်ရိက္ခာနှင့် အရက်မဟုတ်သော အဖျော်ယမကာရည်များ၏ ဈေးနှုန်းသည် ၄၇ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ထို့ပြင် ဆေးကုသစရိတ်နှင့် ဆေးဝါးစရိတ်သည် ၄၂ ဒသမ ၂ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့သည်။ ၂၀၂၂ ခုနှစ် အစပိုင်းမှစပြီး သိသိသာသာ မြင့်တက်ခဲ့သော လာအိုနိုင်ငံ၏ နှစ်စဉ်ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၂၁ ခုနှစ်တွင် ၃ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ၂၀၂၂ ခုနှစ်တွင် ၂၃ ရာခိုင်နှုန်း အထိ ခုနှစ်တက်လာခြင်းဖြစ်သည်။

ဆင်ဟွာ

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)

ဝမ္မြို့နယ်တရားရုံးတော်

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၈၃

ဒေါ်အိမ်ခန် နှင့် ဦးစိုးဇင်ထွန်း

ဆပ်သွားကျေးရွာ၊ ဝမ္မြို့နယ် ဆပ်သွားကျေးရွာ၊ ဝမ္မြို့နယ်

တရားလို တရားပြိုင်

ဝမ္မြို့နယ်၊ ဆပ်သွားကျေးရွာ (ယခုနေရပ်လိပ်စာမသိ)ရပ်နေ ဦးစိုးဇင်ထွန်း သိစေရမည်။

သင့်အပေါ်၌ ဒေါ်အိမ်ခန်က လင်မယား ကွာရှင်းပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် (၁၃၈၄ ခုနှစ် တပို့တွဲလပြည့် ကျော် ၁၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအဓိပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရဲမောင်မောင်)
မြို့နယ်တရားသူကြီး
ဝမ္မြို့နယ်တရားရုံး

ကျောင်းသားအမည်မှန်

မုံရွာမြို့၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း Grade-10 တွင် ပညာသင်ကြားနေသော (အဘ-ဦးစိုးသိုက်) ၏သား မောင်ကောင်းဆုသိမ်း ၏ အမည်မှန်မှာ မောင်ခန့်ပြည့်စုံအောင် ဖြစ်ပါသည်။

မောင်ကောင်းဆုသိမ်း(ခ)
မောင်ခန့်ပြည့်စုံအောင်

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ (U.T.M) ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-9 ကျောင်းသူ မစန္ဒာဌေး၏ ဖခင်အမည်မှန်မှာ ဦးကျော်အေး ၈/မသန(နိုင်) ၀၄၄ ဖခ၁ ဖြစ်ပါကြောင်း။

ဦးကျော်အေး

ဖခင်အမည်မှန်

သရက်ခရိုင်၊ မင်းတုန်းမြို့၊အထက Grade-4မှ မောင်ထွန်းထွန်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ရွှေ ၈/မတန(နိုင်) ၀၄၅၄၂၈ ဖြစ်ပါကြောင်း။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/8111 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန
(ရွာသာကြီး)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/1753, Toyota Belta Scp 92 Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဇော် ၁၂/တမန(နိုင်)၁၀၂၇စဂက(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်ဃ၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)

ဝမ္မြို့နယ်တရားရုံးတော်

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၈၃

ဒေါ်ခင်ရီ နှင့် ဦးစိုးဇင်ထွန်း

ဆပ်သွားကျေးရွာ၊ ဝမ္မြို့နယ် ဆပ်သွားကျေးရွာ၊ ဝမ္မြို့နယ်

တရားလို တရားပြိုင်

ဝမ္မြို့နယ်၊ ဆပ်သွားကျေးရွာ (ယခုနေရပ်လိပ်စာမသိ)ရပ်နေ ဦးစိုးဇင်ထွန်း သိစေရမည်။

သင့်အပေါ်၌ ဒေါ်ခင်ရီနှင့်က လင်မယား ကွာရှင်းပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် (၁၃၈၄ ခုနှစ် တပို့တွဲလပြည့် ကျော် ၁၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအဓိပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရဲမောင်မောင်)
မြို့နယ်တရားသူကြီး
ဝမ္မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/15197, Honda PCX 150 ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်မျိုးဝင်း ၁၄/အဂပ(နိုင်) ၁၄၉၂၇၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်ဃ၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ဟသံ်တ)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/6552,Toyota Belta Scp 92 Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထက်ခေါင် ၁၂/တမန(နိုင်)၁၀၇၂၄၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်ဃ၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/4332,Toyota Toyoace XZU 306 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းလတ် ၉/တသန(နိုင်) ၀၉၂၃၆စက(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်ဃ၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/41025,Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်ဃ၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဧယျရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၁/အလောင်းဘုရား၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ(၀ဒသမ၁၀၄)ဧက အား ဦးစွယ်စုံ၊ ဒေါ်ခင်နှင်းလွင်(ဘ)ဦးအောင်မြတ်ကျော် ၁၂/ကမရ(နိုင်) ၀၂၀၆၀၄၊ ဦးအုန်းမြင့်လွင် ၁၂/ကမရ(နိုင်)၀၃၅၂၂၂မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၆၆/၂၀၂၃)ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေဌားစာချုပ်လျှောက် ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေဌားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်း အဆင့်၊ ဇုန်(B)၊ တိုက်အမှတ်(B-2)၊ အခန်းအမှတ် (616)၊Type(A),Area(1261)sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်ဝတ္ထုယက်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဖြူဖြူဝင်း ၁၃/လရန(နိုင်)၁၀၁၁၈၆၂ ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်စုစုလှိုင်
၁၃/လရန(နိုင်)၀၀၀၂၃၈
ဖုန်း-၀၉-၂၀၆၀၁၂၉

❖ *ကျောဖုံးမှ*

မြန်မာ ယူ-၂၂ အသင်းနည်းပြသစ်သည် ဖေဖော်ဝါရီ ၂၁ ရက်တွင် စတင်ကျင်းပမည့် ၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို လိုက်လံကြည့်ရှုကာ ကစားသမားများ ရွေးချယ်မည်ဖြစ်သည်။ ၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို မြန်မာ့လက်ရွေးစင် အသင်း၏ နိုင်ငံတကာခြေစမ်းပွဲနှင့် မြန်မာ ယူ -၂၂ အသင်း၏ ဆီးဂိမ်းအကြို ပြင်ဆင်မှုများအတွက် မတ်လတတိယပတ်တွင် ခေတ္တရပ်နားမည်ဖြစ်ပြီး မြန်မာ ယူ -၂၂ အသင်းအနေဖြင့် ယင်းကာလတွင် စတင် ပြင်ဆင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

မြန်မာ ယူ -၂၂ အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲပြီးပါက နှစ်ဝက်နောက်ပိုင်းတွင် အာရှဖလား ယူ -၂၃ ခြေစစ်ပွဲ၊ အာရှအားကစားပြိုင်ပွဲနှင့် အာဆီယံ ယူ-၂၂ ချန်ပီယံရှစ်ပြိုင်ပွဲတို့ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ရဲရင့်လွင်**

❒ *ကျောဖုံးမှ*

၁၅ မိနစ်တွင် သွင်းယူနိုင်ခဲ့သည့် တိုက်စစ်ကစားသမား ဟယ်ရီကိန်းသည် အသင်းအတွက် ထာဝရသွင်းဂိုး အများဆုံး စံချိန်တင်ထားသော ဂျင်မီဂရေ့စ်၏စံချိန်ကို ကျော်ဖြတ်ကာ ၂၆၇ ဂိုးဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။ ထို့အပြင် ဟယ်ရီကိန်း၏ သွင်းဂိုးသည် ၎င်း၏ ပရီမီယာလီဂ်သွင်းဂိုး ၂၀၀ ပြည့်မြောက်သည့်ဂိုးလည်း ဖြစ်ခဲ့သည်။ ထို့ကြောင့် ဟယ်ရီကိန်းသည် အလန်ရီးယား ဂိုး ၂၆၀၊ ဝိန်းရွန်းနေ ၂၀၈ ဂိုးပြီးနောက် ပရီမီယာလီဂ် သွင်းဂိုးအများဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

မန်စီးတီးအသင်းသည် ယခုပွဲရှုံးနိမ့်မှုကြောင့် ဦးဆောင်သူ အာဆင်နယ်အသင်းထက် တစ်ပွဲပိုကစားပြီး ရမှတ်ကွာဟမှု ငါးမှတ်သာ ရှိတော့သည်။ စပါးအသင်းသည် မန်စီးတီးအသင်းကို စုဖွဲ့မှုအားကောင်းမွန်စွာဖြင့် တုံ့ပြန်ကစားနိုင်ခဲ့ပြီး အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ ယခုပွဲအနိုင် ရရှိမှုကြောင့် စပါးအသင်းသည် ရမှတ် ၃၉ မှတ်ဖြင့် ပရီမီယာလီဂ် အဆင့် (၄) ဝင်ရေး မျှော်လင့်ချက် အားကောင်းလာပြီ ဖြစ်သည်။ **အောင်ဇော်**

ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက(ခွဲ)၊ ကျောက်ဆည်ကျောင်း Grade-11 တွင် ပညာသင်ကြားနေသော မမြယမုံဇင်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးဝင်း ၈/အလန(နိုင်)၁၂၄ ၈၂၉ ဖြစ်ပါကြောင်း။

ဦးကျော်စိုးဝင်း

သွေးသည် အသက်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စွေးများဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ယာဉ်အပ်နှံမှုကောက်ခံခွင့်လိုင်စင် (၁၄)ခု၊ ရေချိုးခန်းနှင့် ရေလောင်းအိမ်သာလိုင်စင်(၂၃)ခုနှင့် ပုံကျစွေးကောက်လိုင်စင်(၂၇)ခု စုစုပေါင်း(၆၄)ခုအား စွေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) လေလံတင်ရောင်းချမည့် ရက် - ၂၃-၂-၂၀၂၃ရက် (ကြာသပတေးနေ့) ၂၄-၂-၂၀၂၃ ရက် (သောကြာနေ့)
(ခ) လေလံတင်ရောင်းချမည့် အချိန် - နံနက် ၁၀နာရီ
(ဂ) လေလံတင်ရောင်းချမည့် နေရာ - စွေးများဌာန၊ အစည်းအဝေးခန်းမ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ
(ဃ) လျှောက်လွှာပိတ်မည့်ရက် - ၁၇-၂-၂၀၂၃ရက် (သောကြာနေ့)

၂။လေလံလျှောက်လွှာနှင့်စည်းကမ်းချက်များ၊အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စွေးများဌာန ဖုန်း-၀၆၇-၃၄၁၄၂၊ ၀၆၇-၃၄၁၄၆စတို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/45867, Canda-125 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၅၁ယ/ ၇၀၆၂၀, Honda MSX 125 ယာဉ်လက်ဝယ်ရှိသူ ဦးခွန်ရဲခန့်ဘိုဘို ၁၃/တကန(နိုင်)၃၆၀၀၂၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တောင်ကြီး

မွေးသက္ကရာဇ်အမှန်

ပင်လောင်းမြို့၊ ရင်းမှီးရပ်ကွက်(လယ်)နေ ဦးခွန်စိန်မြင့်၏သမီး မူစိုးစိုးအောင်၏ မွေးသက္ကရာဇ် အမှန်မှာ (၂၈-၆-၁၉၈၅) ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁) Grade-7(C)မှ ခွန်စံလှိုင်းထက်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဝင်း ၁၃/ရစန(နိုင်) ၀၅၄၃၅၉ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့မ ရဲစခန်း၀နှင်းနေ မောင်ဟိန်းမင်းထက်၏ မိခင် ဒေါ်မွန်(ခ)ဒေါ်မမွန် ၁၃/နခတ (နိုင်)၀၇၇၆၀၆ မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ နယ်မြေ(၁၀)နေ မောင်ဇင်ကိုကိုထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်နောင် (ခ)ဦးဇော်ဇော်နောင် ဖြစ်ပါကြောင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၅) နည်းဥပဒေ- ၂၀)
ကျိုက်ထိုခရိုင်တရားရုံးတော်
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၇

ဦးဟန်မြင့် — ၁။ ဦးကိုကိုအောင်
နှင့် — ၂။ ဒေါ်ကျင်ကျင်ခိုင်
တရားလို — **တရားပြိုင်များ**

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်းကျေးရွာ၊ ရောင်ခြည်ဦး၊ မင်းလမ်းနေ တရားပြိုင် ဦးကိုကိုအောင်နှင့် တရားပြိုင် ဒေါ်ကျင်ကျင်ခိုင်(ယခု နေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးဟန်မြင့်က စာချုပ်ပါကတိကို ပျက်ကွက်ခဲ့၍ ထုတ်ယူငွေ ၂၃၇၅၀၀၀/- ကျပ်၏ နှစ်ဆဖြစ်သည့် ငွေ ၄၇၅ သိန်းကျပ် ပြန်ရလိုမှု(သို့မဟုတ်)အိမ်ခြံမြေကြေကွဲအား အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ လက်ရောက်ပေးအပ်စေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ရက် (၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၆ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အဓိပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဒေါ်ဝင်းမြင့်)
ဒုတိယခရိုင်တရားသူကြီး
ကျိုက်ထိုခရိုင်တရားရုံး

အပြည်ပြောင်း

ဦးစိုင်းရှဲန်တစ်၏ သားကျိုင်းတုံမြို့၊ အထက(၂) ဒုတိယတန်း(ခ)မှ မောင်ဟိန်းရတုအား မောင်ပိုင်ဇေယျာထွန်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ပိုင်ဇေယျာထွန်း

အပြည်ပြောင်း

ဦးစိုင်းရှဲန်တစ်၏ သားကျိုင်းတုံမြို့၊ အထက(၂) ပဉ္စမတန်း(က)မှ မောင်ဇင်မင်းခန့်အား မောင်ကောင်းဇေယျာလင်း ဟု အပြည်ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းဇေယျာလင်း

ပြင်ဆင်ဖတ်ရှုပါရန်

၆-၂-၂၀၂ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၁)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ငြေးငြေး၀င်း၏ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ဦးစန်း၀င်း ISN-၁၄၉၆၁၆အစား ဦးစန်ဝင်း ISN-၁၄၉၆၁၆ဟုပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ အင်းဝ(စ)လမ်း၊ မြေကွက်အမှတ်(၉၆၂)ဟုခေါ်တွင်သော မြေအလျားx အနံ (၂၆x၆၀)ပေ မြေကွက်ပေါ်တွင် ဆောက်လုပ်ပြီး ဖြစ်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်(၄-လွှာ)၊ ခြေရင်းဘက်အခြမ်း၊ အလျား x အနံ (၁၂x၅၁) ပေ အကျယ်ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းမော် ၁၂/ဥကတ(နိုင်) ၀၇၈၅၆၉ထံမှ ကျွန်ုပ်တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများ၊ရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူသူများ-
ဦးဇင်မိုး ၆/ထဝန(နိုင်)၁၂၄၆၁၅ - ဒေါ်ဝင်းလဲ့ဖြူ ၅/စကန(နိုင်)၂၀၄၉၁၁
အမှတ်(၁၄)၊ သိမ်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၈၆၈၁၉၄၅၆၊ ၀၉-၇၈၅၃၃၃၂၁

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၅) နည်းဥပဒေ ၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၇

ဒေါ်ခင်မျိုးနွယ် — ၁။ ဒေါ်ခင်မာအေး
နှင့် — ၂။ ဒေါ်ခင်လေး
တရားလို — **တရားပြိုင်များ**

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ မြင့်မိုရ်လမ်း၊ နယ်မြေ(၆)၊ ဥ/၁၃၇၉ နေဒေါ်ခင်မာအေးနှင့် အေးသာယာမြို့၊ စမ်းသီတာလမ်း၊ အမှတ်(၅၃) နေ ဒေါ်ခင်လေး(ယခု နေရပ်လိပ်စာမသိ)တို့အား သိစေရမည်။

